
# ပညာလမ်းပြ လူ့အလှ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်




တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ
ဓာတ်ပုံဓမ္မဒါန
ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)

# ပညာလမ်းပြ လူ့အလှ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

## ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၅၂/၂၀၀၀ ([illegible])

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

[illegible]၂/၂၀၀၀ (၆)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ–၁၀၀၀

တန်ဖိုး – ၅၀၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၁ ပြည့်နှစ်၊ ဇန်နဝါရီလ

◆ အတွင်းသားပုံနှိပ်

မတင်စိန် (၀၅၅၂၉)၊ ဇော်ဦးပုံနှိပ်တိုက်
အမှတ် (၂)၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ် (၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သီရိစီစဉ်သည်

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊

ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

☎ ၀၁-၂၄၃၈၇၀

ပရိယတ္တိစာသင်တိုက်ကြီးတွေဆိုတာ
သာသနာအတွက်
အလွန်အားရစရာကောင်းတဲ့
အလင်းရောင်ညှိထွန်းတဲ့နေရာမျိုးပါ
ဒီလိုနေရာမျိုးမှာ
ပစ္စည်းလေးပါးထောက်ပံ့ရတယ်ဆိုတာ
ကိုယ့်ပစ္စည်းကုန်ရကျိုးနပ်ပါတယ်။
သာသနာအတွက်
အင်မတန်မှ အကျိုးများပါတယ်၊

(ယော)ဆရာတော်

## မာတိကာ

## ပညာလမ်းပြ လူ့အလှ


အမှောင်ဖြို့ခွင်းသည့် အရောင်အလင်း ... ၁
အမှောင်ဖြို့ခွင်းသည့်
အရောင်အလင်း (၄)မျိုး ... ၃
လရောင်နှင့် လောကမှာ
မလုံလောက်ပါ ... ၅
နေရောင်နှင့်လည်း မလုံလောက်ပါ ... ၇
မီးရောင်နှင့်လည်း မလုံလောက်ပါ ... ၉
သာသနာကို မှီ၍ရလာသော
ပညာအလင်းရောင်သာလျှင် ... ၁၁
ပညာအလင်းရောင်သာ အမြင့်မြတ်ဆုံး ... ၁၇
မောဟဆိုသော အဝိဇ္ဇာ ... ၁၉
လောဘဆိုသောတဏှာ ... ၂၁
ကိလေသာမှန်သမျှ အဝိဇ္ဇာက
မြစ်ဖျားခံတာ ... ၂၃
ပညာအလင်းရောင် ညှိထွန်းကြမယ် ... ၂၅
မောဟအမှောင်ထဲမှာ နေရတဲ့
ပုထုဇဉ်ရဲ့စိတ် ... ၂၇
အမှောင်အလင်းခွဲတတ်ဖို့ ... ၂၉
ခေါင်းတွဲမရှိလို့ ... ၃၁
မီးရထားခေါင်းတွဲကြီး
ရောက်လာပြီဆိုရင် ... ၃၃

ခေါင်းတွဲကြီး ချိတ်ဆက်လိုက်ပါ ... ၃၅
ပညာအလင်းရောင်ရှိရင် အားရှိတယ် ... ၃၇
ခေါင်းတွဲချိတ်လိုက်ပြီပဲ ... ၃၉
ကြည့်တတ်ရင်အားရှိစရာ ... ၄၁
တစ်နှစ်တစ်ခါပြောင်းတာ မဟုတ်ဖူး ... ၄၃
သေမင်းမှတ်တိုင် နောက်တစ်တိုင်
ရောက်လာတာ ... ၄၅
ခါးပိုက်နှိုက် သုံးယောက်ရှိတယ် ... ၄၇
အသက်ကြီးခြင်းနှင့်
အကျင့်သိက္ခာကြီးခြင်း ... ၄၉
အသက်ကြီးပြီး တရားမကြီးရင် ... ၅၁
ကြီးလေလှလေ ... ၅၃
ပညာအလင်းရောင်လိုတယ် ... ၅၅
ကိလေသာလက်ထဲက စိတ်ကလေးကို
လုကြရတယ် ... ၅၇
အဖိုးတန်ကျောက်မျက်ကို
ခက်ခဲစွာ တူးရတယ် ... ၅၉
လူ့စိတ်သည် အထူးခြားဆုံး ... ၆၁
စိတ်မိုက်ရင် လူမိုက် ... ၆၃
အဖိုးတန်စိတ်ကလေး ... ၆၅
အရောင်တဖိတ်ဖိတ်တောက်သော
ရတနာဖြစ်လာတယ် ... ၆၇
အဆင့်မြင့် စိတ်ကလေး
ဖြစ်လာပြန်တော့ ... ၆၉
ဘဝအသုံးချရေးဘက်
ဉာဏ်ဦးဆောင်တတ်လာတယ် ... ၇၁

ဘဝအသုံးချဖို့ ... ၇၃
ဘဝအမြင်ပြောင်းသွားတယ် ... ၇၅
အငှား (၄)ခု ... ၇၇
အငှားနဲ့ခွဲပစ်လိုက်တာ ... ၇၉
ဘုံဆိုင်အငှားတွေ ... ၈၁
အငှားရဲ့သဘော ... ၈၅
စိတ်ကောင်းစိတ်မြတ်လေးတွေ
ပေါ်လာအောင် ... ၈၇
ကိုယ်ပိုင်(၄) ခု ... ၈၉
ကိုယ်ပိုင်ရဲ့သဘော ... ၉၁
ဘဝတစ်ခု ရလာပြီဆိုရင် ... ၉၃
အဓိပ္ပာယ်ရှိသော လူ့ဘဝဆိုသည်မှာ ... ၉၅
ပစ္စုပ္ပန်သေချာပြီဆိုရင် ... ၉၉
အဝိဇ္ဇာနှင့် တဏှာတို့၏
မသိမရှိ ဆွေးနွေးခန်း ... ၁၀၁
ဘဝခရီးရှင်းရှင်းလေး သွားတတ်ဖို့ ... ၁၀၅
ဒါနမှု ဒါနစစ်စစ် ... ၁၀၇
ကိုယ့်ကိုကိုယ် အရှုံးပေးရရင်
နစ်နာတယ် ... ၁၀၉
ပစ္စည်းဆိုတာ ကိုယ်က လက်ဦးမှ ... ၁၁၁
သူ့ဟာသူယူ ဘာပူဖို့လိုသေးလဲ ... ၁၁၃
ပညာအလင်းရောင်ပြောင်းပေးတယ် ... ၁၁၇
ဆရာသမားကောင်းတွေ့ဖို့
အရေးကြီးတယ် ... ၁၁၉

တပည့်ကောင်းဖြစ်ခွင့်ရဖို့
အရေးကြီးတယ် ... ၁၂၁
ပင်ပတ် မတိမ်းအောင်
ပရိယတ်နဲ့ထိန်းရတယ် ... ၁၂၃
ရတနာတူးသူလိုပဲ ... ၁၂၅
မေ့မှာကြောက်လှချည်ရဲ့ ... ၁၂၇
မေ့တယ်ဆိုတာ အရူးလေးဖြစ်သွားတာ ... ၁၂၉
သူငယ်ပြန်တယ်ဆိုတာ အရူးဖြစ်တာပဲ ... ၁၃၃
ပစ္စုပ္ပန်သာ အဖိုးအတန်ဆုံး ... ၁၃၅
ချမ်းသာချင်တဲ့သူတွေအားလုံး
ကျင့်ကြပါ ... ၁၃၉
ကိလေသာရှိဖို့ လူ့စွမ်းကောင်းဖြစ်တာ ... ၁၄၃
ကိလေသာကြောင့် သူတော်ကောင်း
ဂုဏ်တက်တယ် ... ၁၄၅
ရောဂါရှိ၍ ဆေးစွမ်းသိရ ... ၁၄၇
သတိပညာရှိန်သီးလေး
လက်ဦးနေတဲ့အတွက် ... ၁၅၁
အချိန်တိုင်း တန်ဖိုးရှိလာတယ် ... ၁၅၃
သေတာတောင် မသိလိုက်ဖူး ... ၁၅၅
ဘဝပြောင်းတယ် အလုပ်မပြောင်းဘူး ... ၁၅၇
ရင်လောက်မှန်းမှခါးလောက်တင်တာ ... ၁၅၉
ပရိယတ္တိ စာသင်တိုက်သည်
ပညာအလင်းရောင်
ညှိထွန်းသည့်နေရာ ... ၁၆၁

# ပညာလမ်းပြ လူ့အလှ

**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက**
**(ယော)ဆရာတော်**

*[သာသနာတော်နှစ် ၂၅၄၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၉–ခုနှစ်၊ နှစ်ဦးတန်ခူးလပြည့်ကျော် ၇ ရက်၊ ၁၉၉၇ ခုနှစ် ဧပြီလ ၂၉ ရက်၊ အင်္ဂါနေ့တွင် မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်ကြီး အတွင်း၌၊ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂဝံသ ဆရာတော် ဘုရားကြီး၏ သက်တော် (၆၇)နှစ်ပြည့်၊ မွေးနေ့ မင်္ဂလာကို အကြောင်းပြု၍ ကောင်းမှုတရားကြိုးစားပြုလုပ် အားထုတ်ရာတွင် အကြိုတရားပွဲ အဖြစ်ဖြင့် မွေးနေ့မင်္ဂလာ ပူဇာအဖြစ်ဖြင့် ဟောကြားအပ်သောတရားဖြစ်သည်။]*

## အမှောင်ဖြိုခွင်းသည့်အရောင်အလင်း

ပညာလမ်းပြ လူ့အလှခေါ်တဲ့ ပဋ္ဌောတ သုတ္တန် တရားဖြင့် ဆရာတော်ဘုရားကြီးကိုလဲ

ပူဇော်ကြမယ်၊ တရားဟော တရားနာ ပုဂ္ဂိုလ်များလဲ သာသနာကိုမှီပြီးတော့ အသုံးချတရားများကို ရအောင်ယူကြမယ်။

သာသနာရဲ့ထုံးစံက ကိုယ့်ထက် အသက်သိက္ခာကြီးတဲ့၊ လေးစားလောက်တဲ့ ဆရာသမား အရွယ် ပုဂ္ဂိုလ်များကို ဘွဲ့နာမည်မခေါ်ရပါ။

သို့သော်လဲ ယခုဤပွဲမှာတော့ ဆရာတော်ဘုရားကြီးဟာ လေးစားလောက်တဲ့ ဆရာတော်ကြီးပင်ဖြစ်သော်လဲ ဦးဇင်းတို့ထက် အသက်သိက္ခာကြီးမားတော်မူတဲ့ ဆရာတော်ဘုရားကြီးပင် ဖြစ်သော်လဲ အကြောင်းအရာထင်ရှားအောင်လို့ ဤအကြောင်းအရာမှာတော့ ဘွဲ့နာမည်ကိုထည့်ပြီးတော့ တရားခေါင်းစဉ်တပ်လိုက်ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ပညာလမ်းပြ လူ့အလှဆိုတဲ့ ပဋ္ဌာနတသုတ္တန်တရား ဖြစ်သွားတယ်၊ ကျောင်းတိုက်အမည်ကလဲ ပဋ္ဌာနတာရုံကျောင်းတိုက်၊ ဆရာတော်ဘုရားကြီးကလဲ ပဋ္ဌာနတာရုံ ဆရာတော်ဘုရားကြီး၊ သာသနာအလင်းရောင်ကို အချိန်ရှိသမျှ ညိုထွန်းပြီး ဆောင်ရွက်တော်မူတဲ့ သာသနာပြုဂုဏ်တွေကို တရားနဲ့လဲ ပူဇော်ရာရောက်အောင် ပဋ္ဌာနတသုတ္တန်ဆိုတဲ့ ပညာလမ်းပြလူ့အလှတရားကို ယခု နာကြားကြရမှာ ဖြစ်ပါတယ်။

သုတ္တန်လေးကတော့ အတိုလေးပါ၊ချဲ့ပြော ရင်လဲ ၁၀–မိနစ်၊ ၁၅ မိနစ်နဲ့ ပြီးသွားနိုင်တဲ့ သုတ္တန်အတိုလေးပေါ့၊ ချဲ့ပြီးတော့ စပ်ရာ ဆိုင်ရာ ပြောတော့လဲပဲ နှစ်ညသုံးည ဆက်ဟောတာတောင် မကုန်ပါဘူး။

စတ္တာရော မေ ဘိက္ခဝေ ပဓ္မောတာ

ဘိက္ခဝေ–ပရိသတ်လေးပါး၊ ချစ်သား ချစ်သမီးတို့၊ ပဓ္မောတာ– အမှောင်ကိုဖြိုခွင်းသည့် အရောင်အလင်းတို့သည်၊ ပဓ္မောတာ–အမှောင်ကို ဖြိုခွင်းတတ်သည့် အရောင်အလင်းတို့သည်၊ ဣမေစတ္တာရော– ဤဆိုလတ္တံ့သော၊ လေးမျိုး လေးစား လေးပါးတို့သည်၊ ဟောန္တိ–မုချမသွေ ရှိကြပါပေကုန်သတည်း။

❁ ❁ ❁

# အမှောင်ဖြိုခွင်းသည့် အရောင်အလင်း(၄)မျိုး

အမှောင်ကြောက်တဲ့ သတ္တဝါများအတွက် အမှောင်ကိုဖြိုခွင်းနိုင်သော အရောင်အလင်းဆိုတာ

(၄)မျိုးရှိပါတယ်၊ အမှောင်ကိုဖြိုခွင်းနိုင်တဲ့ သတ္တိရှိသော အရောင်အလင်းများ လောကအတွင်းမှာ အားလုံး တူရာပေါင်းကြည့်ရင် (၄)မျိုးရှိပါတယ်။

အဲဒီ(၄)မျိုးက ဘာတွေလဲဆိုတော့...

(၁) **စန္ဒာပဇ္ဇောတော**၊ အမှောင်ကို ဖြိုခွင်းတတ်သည့် လမင်း၏ အရောင်အလင်းလည်းကောင်း၊

(၂) **သူရိယပဇ္ဇောတော**၊ အမှောင်ကိုဖြိုခွင်းတတ်သည့် နေမင်း၏ အရောင်အလင်းလည်းကောင်း၊

(၃) **အဂ္ဂိပဇ္ဇောတော**၊ အမှောင်ကိုဖြိုခွင်းတတ်သည့်၊ မီး၏ အရောင်အလင်းလည်းကောင်း၊

(၄) **ပညာပဇ္ဇောတော**၊ အမှောင်ကိုဖြိုခွင်းတတ်သည့် ပညာတည်းဟူသော အရောင် အလင်းလည်းကောင်း...

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ ပဇ္ဇောတာ– အမှောင်ဖြိုခွင်းတတ်သည့် အရောင်အလင်းတို့သည်၊ ဣမေစတ္တာရော– ဤဆိုအပ်ခဲ့ပြီးသော လေးမျိုးလေးစား လေးပါးတို့

သည်၊ ဟောန္တိ- မုချမသွေ ရှိကြပါပေကုန်သတည်း။

❁ ❁ ❁

# လရောင်နှင့် လောကမှာမလုံလောက်ပါ

(၁) **စန္ဒာပဇ္ဇောတော**- လရောင်

လရောင်လဲ အလင်းရောင်တစ်ခုပဲ၊ သို့သော် လဆိုတာ အခါခပ်သိမ်းတွေ့နိုင်တဲ့ အရာမဟုတ်ဖူး၊ ညအခါမှသာ အမှောင်ကိုခွင်းပြီး အရောင်အလင်းကိုပေးနိုင်တယ်၊ ညအခါဆိုရာမှာလဲ လဆန်းပိုင်းမှ လပြည့်အထိလောက်ပဲ သူ့ကိုတွေ့ရတယ်၊ လဆန်းပိုင်းမှ လပြည့်ထိမှာလဲ မိုးတိမ်စသည့် ကင်းတဲ့အခါမှပဲ တွေ့ရတယ်။

လရောင်သည် အမှောင်ကို အထိုက်အလျောက်ဖြိုခွင်းနိုင်တဲ့ သတ္တိရှိပါတယ်၊ သို့သော်လဲ လရောင်ကြောင့် သတ္တဝါတွေသန္တာန်မှာ

ကိန်းပြီးလာတဲ့ အဝိဇ္ဇာဆိုသော အမှောင်ကတော့ တိုက်ရိုက် ကင်းမသွားပါ၊ ဒါကြောင့် လရောင်နဲ့လဲ လောကမှာ မလုံလောက်သေးပါဘူး။

❀ ❀ ❀

## နေရောင်နှင့်လည်းမလုံလောက်ပါ

**သူရိယပဇ္ဇောတော၊** နေ၏အရောင်၊

နေဆိုတာ နေ့အခါပဲတွေ့ရတယ်၊ ညအခါကျတော့ နေက ပျောက်သွားပြန်ရော။

နေ့အခါ ပေါ်လာပြန်တော့လဲ အထိုက်အလျောက် လောကရဲ့အမှောင်ကို လင်းသွားအောင်ဖြိုခွင်းနိုင်သော်လဲ သတ္တဝါတွေရဲ့သန္တာန်မှာ အစမထင်သံသရာက ကိန်းလာတဲ့ မောဟအမှောင်ကင်းသွားအောင်လို့ နေရောင်က တိုက်ရိုက်မဖြိုခွင်းနိုင်ဘူး။

ဒါကြောင့် နေရောင်နဲ့လဲ လောကမှာ မလုံလောက်သေးပါဘူး။

❁ ❁ ❁

# မီးရောင်နှင့်လည်းမလုံလောက်ပါ

**အဂ္ဂိပဇ္ဇောတော၊** မီးရောင်၊

ယခုလိုညအခါမှာ အမှောင်ကိုဖြိုခွင်းဖို့ မီးရောင်ကိုသုံးရတယ်၊ အဲဒီမီးကလဲ အထိုက် အလျောက် အမှောင်ကိုဖြိုခွင်းနိုင်ပေမယ့် ထွန်း တဲ့နေရာမှာပဲလင်းတယ်။

ဒီနေရာမှာ ထွန်းတဲ့မီးသည် ဟိုနေရာကို သွားမလင်းဘူး၊ ဒီနေရာမှာ ထွန်းလို့ လင်းပြန် တော့လဲ အစမထင်သံသရာက စပြီးပါလာခဲ့တဲ့ အဝိဇ္ဇာအမှောင်ကို ကင်းသွားအောင် တိုက်ရိုက် အားဖြင့် မဖြိုခွင်းနိုင်ဘူး၊ သွယ်ဝိုက်သောအား ဖြင့်သာ အချို့အဝက် ဖြိုခွင်းနိုင်တာ။

ပညာသင်ကြားတဲ့အခါမှာ နေရောင်၊ မီးရောင် အစရှိသည်ကို အသုံးပြုရင်တော့ သွယ် ဝိုက်သောနည်းအားဖြင့် ဖြိုခွင်းနိုင်တယ်ပေါ့၊ တိုက် ရိုက်အားဖြင့် မဖြိုခွင်းနိုင်ဘူး။

F-2

အဲဒါကြောင့် လရောင်, နေရောင်, မီးရောင် ဆိုတဲ့ အလင်းရောင်သုံးမျိုးဟာ အဝိဇ္ဇာအမှောင်ကို ကင်းသွားအောင် မဖြိုခွင်းနိုင်ပါ၊ ဒါကြောင့် လရောင်, နေရောင်, မီးရောင်နဲ့လဲ လောကမှာ မလုံလောက်သေးဘူး၊ မလုံလောက်သေးလို့ ပညာရောင်ကို ညွှန်းကြရပြန်တယ်။

❋ ❋ ❋

## သာသနာကိုမှီ၍ရလာသော ပညာအလင်းရောင်သာလျှင်

**ပညာပဇ္ဇောတ၊** ပညာအလင်းရောင်၊

ပညာအလင်းရောင်ကျတော့ အခါမရွေး၊ နေရာမရွေး လင်းနိုင်ပါတယ်၊ အဲဒီပညာအလင်းရောင်မှာလဲ အသက်မွေးဝမ်းကျောင်းပညာလောက်နဲ့ဆိုရင်တော့ မလုံလောက်သေးဘူးပေါ့။

အသက်မွေးဝမ်းကျောင်းပညာကလဲ ခန္ဓာအရှိ၊ ရုပ်နာမ်အရှိတွေ မြင်အောင်ကြည့်လို့မရပါ၊ ယခုလို သာသနာကိုမှီပြီးရလာတဲ့ အသိပညာအလင်းရောင်ကသာ ကံအရှိ၊ ခန္ဓာအရှိ၊ ရုပ်နာမ်အရှိ၊ သစ္စာအရှိတွေ ထွင်းဖောက်ပြီးတော့ သိနိုင်တယ်၊ အပူတွေကိုငြိမ်းသွားအောင် ဆောင်ရွက်ပေးနိုင်တယ်။

ဒါကြောင့် အဲဒီပညာအလင်းရောင် အဖိုးတန်တယ်ဆိုပြီးတော့ ဘုရားရှင်သာသနာက ရလာတဲ့ အသိပညာတွေ မပျောက်ရအောင်၊ ပြန့်ပွားအောင်၊ ကြီးပွားအောင်၊ တိုးတက်အောင် ပဋ္ဌောတာရုံဆရာတော်ဘုရားကြီးအမှူးပြုတဲ့ မုံရွာ ပဋ္ဌောတာရုံစာသင်တိုက်မှာ စာပေများ ပို့ချနေတဲ့ဆရာတော်တွေ၊ သင်ယူကြိုးစားအားထုတ်နေတဲ့ စာသင်သံဃာတွေ၊ သာမဏေတွေ၊ အဲသလို အားထုတ်နိုင်အောင်လဲပဲ ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေက သဒ္ဓါ၊ ပညာ၊ မေတ္တာ တရားနဲ့ ဝမ်းမြောက်ဝမ်းသာ ချီးမြှောက်ပြီးတော့ နေကြခြင်းဟာ ပညာအလင်းရောင် အဖိုးတန်လွန်းလို့ပါ။

- **နေလမီးမှာ၊ မြတ်ပညာ၊**
  **လေးဖြာအလင်းရောင်၊**

လောကမှာ အလင်းရောင်(၄)မျိုး ရှိပါတယ်တဲ့။

- **နေ့မှာသာလင်း၊ ညမလင်း၊**
  **နေမင်းစွမ်းအားဆောင်၊**

နေမင်းဆိုတဲ့အလင်းရောင်က နေ့သာလင်းတယ်၊ ညကျတော့ မှောင်သွားပြန်တယ်၊ ပျောက်သွားပြန်တယ်။

*** နေ့မှာသာလင်း၊ ညမလင်း၊**
**နေမင်းစွမ်းအားဆောင်၊**
*** ငွေလမင်းမှာ၊ ညလင်းကာ၊**
**နေ့မှာစွမ်းအားမှောင်၊**

လက ညအခါမှာပဲလင်းတယ်၊ နေ့အခါ ပျောက်သွားပြန်တယ်၊ ပြီးတော့ အဝိဇ္ဇာအမှောင်ကို လင်းသွားအောင် တိုက်ရိုက်မဖြိုခွင်းနိုင်ပါ။

*** ထွန်းရာ၌သာ၊ လင်းနိုင်တာ၊**
**မီးမှာစွမ်းမပြောင်၊**

မီးကျတော့ ထွန်းတဲ့နေရာမှာပဲ လင်းတယ်၊ ထွန်းတဲ့နေရာ လင်းတော့လဲပဲ အဝိဇ္ဇာအမှောင် ကင်းသွားအောင် မတတ်နိုင်ပါ။

*** ထွန်းရာ၌သာ၊ လင်းနိုင်တာ၊**
**မီးမှာစွမ်းမပြောင်၊**
*** နေလမီးမှာ၊ အဝိဇ္ဇာ၊**
**ကင်းကွာသွားဖို့မစွမ်းဆောင်၊**

နေ, လ, မီးဆိုတဲ့ အလင်းရောင်(၃)ခုနဲ့သာ ရပ်ထားရင်တော့ အဝိဇ္ဇာအမှောင်က နည်းနည်းမှ လင်းသွားမှာ မဟုတ်ပါဘူး၊ လင်းသွားအောင်လဲ သူတို့ မစွမ်းဆောင်နိုင်ပါဘူး။

* **နေရာမရွေး၊ ခါမရွေး၊**
  **လင်းပေးနိုင်တဲ့ပညာရောင်၊**

ပညာရောင်ကျမှ နေရာမရွေး၊ အခါမရွေး လင်းပေးနိုင်တယ်၊ အဲဒီပညာရောင်မှာလဲ သာသနာကိုမှီပြီးရလာတဲ့ ပညာကျတော့

* **အပူလည်းစင်၊ အမှန်မြင်၊**
  **စွမ်းအင်ပြည့်တဲ့ပညာရောင်၊**

အပူလဲကင်းသွားအောင် ဆောင်ရွက်နိုင်တယ်၊ ကံအရှိ၊ ရုပ်နာမ် အရှိ၊ ခန္ဓာအရှိကိုလဲ မြင်အောင်ပြပေးနိုင်တယ်၊ ဒါကြောင့် သာသနာသည် သိပ်ပြီးတော့ အဖိုးတန်တယ်။

* **အပူလည်းစင်၊ အမှန်မြင်၊**
  **စွမ်းအင်ပြည့်တဲ့ပညာရောင်၊**
* **ပညာလမ်းပြ၊ လူ့အလှ၊**
  **မုချမြင့်မြတ်ခေါင်၊**

❖ **ပညာလမ်းပြဟာ လူ့ရဲ့အလှပါ၊**

❖ **လူကိုထည်ဝါအောင်၊ ခန့်ငြားအောင်**

❖ **ကျက်သရေရှိအောင်၊ အကွက်စေ့အောင်**

❖ လုပ်သင့်တာတွေလုပ်နိုင်အောင်

❖ ရှောင်သင့်တာတွေရှောင်နိုင်အောင်

အလှဆင်ပေးသောလူ့ရဲ့မျက်လုံးပါ။

ဒါကြောင့် အလင်းရောင်(၄)ခုထဲမှာ ပညာအလင်းရောင်သာလျှင် အမြင့်မြတ်ဆုံးဖြစ်ပါတယ်။

* နေလမီးမှာ၊ မြတ်ပညာ၊
လေးဖြာအလင်းရောင်၊

* နေ့မှာသာလင်း၊ ညမလင်း၊
နေမင်းစွမ်းအားဆောင်၊

* ငွေလမင်းမှာ၊ ညလင်းကာ၊
နေ့မှာစွမ်းအားမှောင်၊

* ထွန်းရာ၌သာ၊ လင်းနိုင်တာ၊
မီးမှာစွမ်းမပြောင်၊

* နေလမီးမှာ၊ အဝိဇ္ဇာ၊
ကင်းကွာသွားဖို့မစွမ်းဆောင်၊

* နေရာမရွေး၊ ခါမရွေး၊
လင်းပေးနိုင်တဲ့ပညာရောင်၊

* အပူလည်းစင်၊ အမှန်မြင်၊
  စွမ်းအင်ပြည့်တဲ့ပညာရောင်၊
* ပညာလမ်းပြ၊ လူ့အလှ၊ မှုရှုမြင့်မြတ်ဆောင်၊

❋ ❋ ❋

# ပညာအလင်းရောင်သာ
# အမြင့်မြတ်ဆုံး

ဒါကြောင့် ပညာအလင်းရောင်သာ အမြင့်မြတ်ဆုံးဖြစ်လို့ ဘုရားက ဆက်ဟောပါတယ်။

"တေဒဂ္ဂံ ဘိက္ခဝေ ဣမေသံ စတုန္နံ ပဇ္ဇောတာနံ ယဒိဒံ ပညာပဇ္ဇောတော"

ဘိက္ခဝေ–ပရိသတ်လေးပါး၊ ချစ်သားချစ်သမီးတို့၊ စတုန္နံ– လေးပါးကုန်သော၊ ဣမေသံ၊ပဇ္ဇောတာနံ–ဤအမှောင်ကိုဖြိုခွင်းတတ်သည့် အရောင်အလင်းတို့တွင်၊ ယာဒိဒံ–ယောအယံပညာ ပဇ္ဇောတော–အကြင့်ပညာတည်းဟူသော အရောင် အလင်းသည်၊ အတ္ထိ–ရှိပါပေ၏။

တေ–သော၊ ပညာပဇ္ဇောတော–ဤပညာတည်းဟူသော အရောင်အလင်းသည်၊ အဂ္ဂံအဂ္ဂေါ–

အလှဆုံး၊ အချွန်ဆုံး၊ အလွန် ဆုံး၊ အမွန်ဆုံးသည်၊ ဟောတိ–ပညာလမ်းပြ လူ့အလှဟု၊ မုချမသွေ ဖြစ်ရပါပေသတည်း။

ဒါကြောင့် ပညာအလင်းရောင်သည် အမြင့်မြတ်ဆုံး၊ ပညာအလင်းရောင် မကွယ်ပျောက်ရအောင်၊ တည်တံ့အောင်၊ ထွန်းလင်းအောင်၊ ပြန့်ပွားအောင်လို့ဆိုပြီး ပဓာနနာယက ပဋ္ဌောတာရုံ ဆရာတော် ဘုရားကြီးနှင့်တကွ စာချစာသင်များ ကြိုးကြိုးစားစား အားထုတ်နေကြတာပဲ။

❁ ❁ ❁

# မောဟဆိုသော အဝိဇ္ဇာ

သတ္တဝါတွေသန္တာန်မှာ မလိုချင်တဲ့ ဆင်းရဲဒုက္ခတွေကို တည်ဆောက်ဖော်ထုတ်နေတာကတော့ ကိလေသာပါ၊ အကျဉ်းချုပ် ကိလေသာဆယ်ပါးအကျယ်အားဖြင့် ထောင့်ငါးရာကိလေသာ၊ သူတို့ဟာ ဆင်းရဲဒုက္ခ တည်ဆောက်ရေးအဖွဲ့ပါ။

ဆင်းရဲဒုက္ခ တည်ဆောက်ရေးအဖွဲ့ထဲမှာ ဥက္ကဋ္ဌကြီးကတော့ မောဟခေါ်တဲ့ အဝိဇ္ဇာပါ၊ ပညာရဲ့ဆန့်ကျင်ဖက်ပါ။

❋ ❋ ❋

သုတေသနစာကြည့်တိုက်
အမှတ် ..........
ရက်စွဲ ..........

# လောဘဆိုသောတဏှာ

တဏှာဆိုတဲ့လောဘသည် ဆင်းရဲဒုက္ခ တည်ဆောက်ရေးအဖွဲ့ကြီး၏ အကျိုးဆောင် အတွင်းရေးမှူးချုပ်ပါ၊ အဲဒီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးနှစ်ပါးမှာ ပိုပြီးနာမည်ကြီးတာက အကျိုးဆောင် အတွင်းရေးမှူးချုပ်ဖြစ်တဲ့ တဏှာဆိုသော လောဘက ပိုပြီးနာမည်ကြီးပါတယ်။

သစ္စာလေးပါးထဲမှာ သူ့ကို သမုဒယသစ္စာလို့ နာမည်ပေးထားတယ်၊ ဒါပေမယ့် ကြိုးကိုင်ပြီး

၂၆၇၀၆

လက်မှတ်ထိုးနေတဲ့ (ဉက္ကဋ္ဌကြီးလို့ တင်စားခေါ်ဆိုရတဲ့) အဝိဇ္ဇာဆိုတဲ့ မောဟရှိပါကယ်။

❋ ❋ ❋

# ကိလေသာမှန်သမျှ
# အဝိဇ္ဇာကမြစ်ဖျားခံတာ

အဝိဇ္ဇာခေါ်တဲ့ မောဟက ဆင်းရဲဒုက္ခတည်ဆောက်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌကြီးပါ၊ အကြီးအမှူးကြီးပါ။

ကိလေသာမှန်သမျှ အဝိဇ္ဇာကမြစ်ဖျားခံတာ၊ မှားတာမှန်သမျှ အဝိဇ္ဇာခေါ်တဲ့ မောဟကဖြစ်ဖျားခံတာ၊

နားမလည်တာတွေ၊ မလုပ်သင့်တာတွေ လုပ်မိတာတွေ၊ လုပ်သင့်တာတွေကို ချို့ယွင်းမိတာတွေ၊ ဟောဒီအဝိဇ္ဇာခေါ်တဲ့ မောဟက မြစ်ဖျားခံတာ။

တဏှာဆိုတဲ့လောဘက ဆင်းရဲဒုက္ခတည် ဆောက်ရေးအဖွဲ့ကြီး၏ အကျိုးဆောင်အတွင်း ရေးမှူးချုပ်ကြီးပါ၊ ဒုက္ခမျိုးစုံ ခြယ်လှယ်နေတာ သူ (တဏှာ)ပေါ့။

အလှူလေးတစ်ခုလုပ်ချင်ရင်တောင် သူက ရှေ့ကနေ ကန့်လန့်, ကန့်လန့်နဲ့ လုပ်ချင်သေးတာ၊ ပကာသနအခွဲတွေကို အထည့်ခိုင်းသေးတာ၊ စိတ် မောစရာတွေကို လျှောက်ပြီးအထည့်ခိုင်းသေးတာ။

❋ ❋ ❋

# ပညာအလင်းရောင်ညှိထွန်းကြတယ်

ယခု ဤဒေသနာမှာလာတဲ့ ပညာအလင်းရောင်၊ ဤကျောင်းတိုက်အတွင်းမှာ အမြဲတမ်းကြိုးစားနေတဲ့ ပညာအလင်းရောင်၊ အဲဒီ အလင်းရောင်က အဝိဇ္ဇာခေါ်တဲ့ မောဟအမှောင်ကို လင်းသွားစေနိုင်တယ်၊ တဏှာဆိုတဲ့ လောဘခြယ်လှယ်မှုကို နောက်ဆုတ်သွားစေတယ်၊ တွန့်သွားစေတယ်။

ဒါကြောင့်မို့ ပညာအလင်းရောင်လိုအပ်လို့ ပညာအလင်းရောင် ညှိထွန်းကြရတယ်၊ ကုသိုလ်ကောင်းမှုလုပ်ကြတဲ့အခါ တရားနာတယ်ဆိုတာလဲ

ပညာအလင်းရောင် ညှိထွန်းကြတာပဲ၊ အလင်းရောင်ကို အားကောင်းသွားအောင် မြှင့်တင်ပြီးတော့ နေကြရတာပဲ။

❋ ❋ ❋

# မောဟအမှောင်ထဲမှာနေရတဲ့ ပုထုဇဉ်ရဲ့စိတ်

သတ္တဝါတွေနေကြရတာက မောဟဆိုတဲ့ အမှောင်ထဲမှာ၊ မောဟဆိုတဲ့အမှောင်ထဲမှာ ပုထုဇဉ် တွေရဲ့ စိတ်ကလေးနေရတယ်၊ လောဘနဲ့ ဒေါသ ဆိုတဲ့ ရန်နှစ်ဖက်က ဟောဒီစိတ်ကလေးကို အချိန်ပြည့် ညှပ်ထောင်းနေပါတယ်။

နေရတာက မောဟဆိုတဲ့ အဝိဇ္ဇာထဲမှာ၊ သူက ဥက္ကဋ္ဌကြီးကိုး၊ သူ့ဆီမှာ အကုန်နေရတာ။

အဝိဇ္ဇာအမှောင်ဆိုတဲ့ မောဟထဲမှာနေရသော ဟောဒီစိတ်ကလေးကို အချိန်ပြည့် နှိပ်စက်နေ တာက လောဘနဲ့ ဒေါသပေါ့၊ ကောင်းတာနဲ့ တွေ့တော့လဲ မသက်သာဘူး၊ လောဘက ညှပ်

ထောင်း၊ လောဘမီးတောက်လောင်လို့ ခြစ်ခြစ် တောက်ပူရပြန်တယ်။

မကောင်းတာနဲ့တွေ့ပြန်တော့ ဒေါသက ညှပ်ထောင်း၊ ဒေါသမီးတောက်လောင်လို့ ခြစ်ခြစ် တောက်ပူရပြန်တယ်။

ကောင်းတာနဲ့မကောင်းတာ အာရုံနှစ်ခု ကြားမှာ လောဘနဲ့ဒေါသ အာရုံနှစ်ခုကြားမှာ ညှပ်ထောင်းခံနေရတာနဲ့ တစ်သက်ကုန်သွားကြ တာလဲ တချို့ရှိတယ်။

❋ ❋ ❋

# အမှောင်အလင်းခွဲတတ်ဖို့

ဒီတော့ သာသနာနဲ့တွေ့ကြုံခိုက်မှာ မိမိတို့က အမှောင်အလင်း ခွဲတတ်ပြီလေ၊ ခွဲတတ်ပြီဆိုရင် အလင်းရောင်ညှိထွန်းပြီးတော့ လုပ် သင့်တာတွေကို အကွက်စေ့အောင်၊ အချိန်မီအောင် ကြိုးစားပြုလုပ် အားထုတ်ရမှာဖြစ်သလို၊ မလုပ်သင့်တာတွေကို လဲ ရှင်းရှင်းလေး ရှောင်ကြရမှာပေါ့။

ယခုလို အချိန်အတိုင်းအတာ အကန့် အသတ်နဲ့ တရားနာကြတာတွေ၊ တရားအလုပ် ကို အချိန်အတိုင်းအတာတစ်ခုနဲ့ ကန့်သတ်ပြီး

အားထုတ်ကြတာတွေ၊ တရားလေ့လာကြတာတွေဆိုတာတွေက သမ္မာဒိဋ္ဌိဆိုတဲ့ ပညာအလင်းရောင်ခေါင်းတွဲကြီးတပ်ကြတာ။

❋ ❋ ❋

# ခေါင်းတွဲမရှိလို့

မိမိတို့အိမ်ထဲမှာလုပ်နေကြတဲ့ စီးပွားရေးတွေ၊ စားဝတ်နေရေးတွေဟာ ဘာနဲ့တူသလဲဆိုတော့ မီးရထားဘူတာမှာ ရပ်ထားတဲ့ လူစီးတွဲ၊ ကုန်တင်တွဲ နှစ်တွဲနဲ့တူနေတယ်။

နေ့တိုင်း အိမ်ထဲမှာလုပ်နေကြတဲ့ အလုပ်တွေဟာ (ခန္ဓာကရှိနေတော့) ဘယ်လိုမှရပ်ထားလို့မရဘူး၊ စားဝတ်နေရေးအလုပ်တွေ၊ စီးပွားရေးအလုပ်တွေ၊ လူမှုရေးအလုပ်တွေ အဲဒီအလုပ်တွေဟာ မီးရထားဘူတာမှာ ရပ်ထားတဲ့ ကုန်တင်တွဲ၊ လူစီးတွဲနှစ်တွဲနဲ့တူတယ်။

ဘူတာမှာ ရထားတွဲကြီးနှစ်တွဲ ရပ်ထားတယ်ဆိုပါတော့၊ ကုန်တင်တွဲကြီးကလဲ ကုန်တွေအပြည့်တင်ထားတယ်၊ လူစီးတွဲကြီး ကလဲ လူတွေအပြည့်တင်ထားတယ်၊ သို့သော် ရပ်ထားရတယ်။

ဘာကြောင့်ရပ်ထားရသလဲဆိုတော့ ခေါင်းတွဲက မလာပဲဖြစ်နေတယ်၊ ခေါင်းတွဲမရှိလို့ လူအပြည့်ရှိနေပါလျက်သားနဲ့၊ ကုန်အပြည့် ရှိနေပါလျက်သားနဲ့ ဒီအတိုင်းရပ်ထားရတယ်။

လမ်းကလဲရှိလျက်သား၊ မမောင်းနိုင်ဘူး၊ ခေါင်းတွဲမရှိလို့။

အဲဒါမျိုးလိုပေါ့၊ မိမိတို့အိမ်ထဲမှာ နေ့စဉ်လုပ်နေရတဲ့ ရထားတွဲကြီးနှစ်တွဲနဲ့ အလားတူတဲ့ လူမှုရေးတွေ၊ စီးပွားရေးတွေ၊ စားဝတ်နေရေးတွေကလဲ ခေါင်းတွဲမလာသမျှတော့ စိတ်ထဲမှာ ခြစ်ခြစ်တောက်ပူလို့ အားငယ်လို့။

"ဟယ်– ဒို့များ စားဝတ်နေရေးအလုပ်တွေနဲ့ လုံးချာလည်လိုက်နေရလို့ ကုသိုလ်ကို မလုပ်အားသေးဘူး၊ စီးပွားရေးတွေကလဲ ဘယ်တော့များမှ ပြီးမလဲမသိဘူး၊ လူမှုရေးအလုပ်တွေကလဲ မဆုံးနိုင်ဘူး၊ ဒို့ ဘယ်နှစ်များမှ ကုသိုလ်လုပ်ရမယ်မသိဘူး"

(ခေါင်းတွဲမရှိလို့ စိတ်အားငယ်ကြတာ)

❋ ❋ ❋

# မီးရထားခေါင်းတွဲကြီး ရောက်လာပြီဆိုရင်

ဘူတာမှာရပ်ထားတဲ့ ရထားတွဲကြီးနှစ်တွဲ၊ ဟောဟိုကခုတ်မောင်းလာတဲ့ ခေါင်းတွဲကြီးရောက်လာပြီဆိုရင် အဲဒီခေါင်းတွဲကြီးနောက်က ချိတ်သာပေးလိုက်တော့။

ရထားသံလမ်းအတိုင်း လိုရာဘူတာအရောက် တွဲကြီးများကို သယ်ဆောင်ပြီးသွားမှာ သေချာပါပြီ။

ဒါမျိုးလိုပေါ့၊ အားမငယ်ပါနဲ့၊ ခန္ဓာရှိသူ ခန္ဓာအလုပ်လုပ်ရမှာပဲ၊ စားဝတ်နေရေးဟာ ခန္ဓာရှိသူ ဘယ်သူမှရှောင်လို့မရပါဘူး၊ လုပ်ရမှာပဲ၊ တရားကလဲ အရပ်မခိုင်းပါဘူး။

စီးပွားရေးကို ခန္ဓာရှိတဲ့ပုဂ္ဂိုလ် ဘယ်သူရှောင်လို့ရမှာလဲ၊ စီးပွားရေးလုပ်ပါ၊ ခန္ဓာရှိတော့ ဘယ်သူမှ မရှောင်နိုင်ပါဘူး။

ကိုယ်တစ်ယောက်ထဲနေလို့မှ မရဘဲ၊ အများနဲ့နေရတာ၊ လူမှုရေးဆိုတာ ဘယ်လိုလုပ်ရှောင်လို့ဖြစ်မှာလဲ၊ လုပ်ပါ၊ သို့သော် ခေါင်းတွဲတော့ ချိတ်ဆက်ပေးပါ။

ဒီအတိုင်းကြီးတော့ မထားပါနဲ့၊ နောက်ပြန်ကြီးလဲ မမောင်းလိုက်ပါနဲ့၊ ဒီအတိုင်းကြီးလဲ အားငယ်ညည်းတွားပြီး ရထားတွဲကြီးတွေကို ရပ်မထားပါနဲ့။

❋ ❋ ❋

# ခေါင်းတွဲကြီးချိတ်ဆက်လိုက်ပါ

ဒါကြောင့် ယခုလိုအချိန်အတိုင်းအတာ အကန့်အသတ်လေးနဲ့ တရားနာယူကြတာတွေ၊ ရိပ်သာတစ်ခုခုမှာသွားပြီးတော့ အချိန် အတိုင်း အတာ အကန့်အသတ်နဲ့ တရားအလုပ် အားထုတ်ကြတာတွေ၊ တရားလေ့လာကြတာတွေ၊ အဲဒါတွေဟာ သမ္မာဒိဋ္ဌိခေါ်တဲ့ ခေါင်းတွဲပြုပြင်လိုက်တာ၊ တပ်ဆင်လိုက်တာ။

အဲဒီခေါင်းတွဲကြီးကို နေ့စဉ် အိမ်ထဲမှာရပ်ထားတဲ့ ရထားတွဲကြီးနှစ်တွဲနဲ့ အလားတူတဲ့ စီးပွားရေးတွေ၊ စားဝတ်နေရေးတွေနဲ့ ချိတ်ဆက်ပေးလိုက်ပါတော့။

အဲသလိုဆိုရင် ဘာမှမပူနဲ့တော့၊ စားဝတ်နေရေး အကုန်လုံး နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားပြီ။

❋ ❋ ❋

# ပညာအလင်းရောင်ရှိရင် အားရှိတယ်

ပညာပဇ္ဇောတ–ပညာအလင်းရောင် ကောင်းလာလို့ရှိရင် လူဟာ တစ်မျိုးကို အားရှိသွားတာ၊ စောစောက ဒါမျိုးမသိလို့၊ ဒါမျိုးသိလို့ရှိရင် နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို ဒါထက် ကြိုးကြိုးစားစား လုပ်ခဲ့တာကြာရောပေါ့။

အလင်းရောင်မရှိခင်က ဒီလိုဖြစ်လာတယ်၊ အလင်းရောင်လဲရှိလာရော အားရှိသွားတယ်၊ ဒါကြောင့် ပညာပဇ္ဇောတဟာ အင်မတန် အရေးကြီးတာပေါ့။

ဒါကြောင့် သမ္မာဒိဋ္ဌိခေါင်းတွဲနဲ့ ချိတ်ဆက်ပေးလိုက်ပါ၊ စားဝတ်နေရေးအကုန်လုံး နိဗ္ဗာန်ရောက်ကြောင်းအလုပ်တွေ ဖြစ်သွားပါပြီ၊ စီးပွားရေးအလုပ်တွေ နိဗ္ဗာန်ရောက်ကြောင်းတွေ အကုန်ဖြစ်သွားပါပြီ။

ယခုလို အချိန်အတိုင်းအတာတစ်ခုနဲ့ လေ့လာသင်ယူ နာကြားပွားများ လေ့ကျင့်ထားတဲ့ တရားလုပ်ငန်းဆိုတဲ့ သမ္မာဒိဋ္ဌိခေါင်းတွဲနဲ့ နေ့စဉ်လုပ်နေတဲ့ လုပ်ငန်းကိစ္စမျိုးစုံဆိုတဲ့ ရထားတွဲကြီးကို ချိတ်ဆက်ပေးလိုက်ပါတော့။

❋ ❋ ❋

# ခေါင်းတွဲချိတ်လိုက်ပြီပဲ

သီလ, သမာဓိ, ပညာခေါ်တဲ့ မီးရထား သံလမ်းနဲ့ အလားတူတဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းကြီးပေါ်မှာ နေ့စဉ်လုပ်နေတဲ့ အလုပ်တွေဟာ ဖြောင့်ဖြောင့်ကြီး မောင်းသွားပြီလေ၊ (ခေါင်းတွဲချိတ်လိုက်ပြီပဲ)

ပညာပဋ္ဌောတခေါ်တဲ့ သမ္မာဒိဋ္ဌိခေါင်းတွဲနောက် ချိတ်ဆက်ပေးလိုက်တဲ့အခါမှာ နေ့စဉ်လုပ်နေရတဲ့ စီးပွားရေးတွေ၊ စားဝတ်နေရေးတွေ၊ လူမှုရေးတွေ ခေါ်ဆိုရတဲ့ လုပ်ငန်းကိစ္စမျိုးစုံဟာ သီလ, သမာဓိ, ပညာ (သို့မဟုတ်) မဂ္ဂင်ရှစ်ပါးလို့ ခေါ်ဆိုရတဲ့ မီးရထားသံလမ်းကြီးနဲ့ အလားသဏ္ဍာန်တူတဲ့ နိဗ္ဗာန်ရောက်ကြောင်း လမ်းကြောင်းပေါ်က ဖြောင့်ဖြောင့်ကြီးမောင်းသွားပြီ၊ ချိတ်ဆက်ဆွဲသွားပြီ။

ဖြစ်,အို,နာ,သေ ဆိုတဲ့ ဘူတာကြီး (၄)ခုကို ကျော်ပြီးတော့မှ ဆင်းရဲဒုက္ခခပ်သိမ်း လွတ်ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတဲ့ ဘူတာကြီးအရောက် မိမိရဲ့ နေ့စဉ် ဆောင်ရွက်နေကျ လုပ်ငန်းကိစ္စမျိုးစုံတွေဟာ ကိုယ့်ကို အရောက်သယ်ဆောင်သွားမှာ သေချာ ပါပြီ။

ဒါကြောင့် သမ္မာဒိဋ္ဌိခေါ်တဲ့ ခေါင်းတွဲအရေး ကြီးတယ်၊ ပဋ္ဌာတဆိုတဲ့ ပညာခေါင်းတွဲ သိပ်ပြီး တော့ အရေးကြီးတယ်၊ ခေါင်းတွဲချိတ်ဆက်ပေးပါ၊ တွဲကြီးကို ဒီအတိုင်းရပ်မထားပါနဲ့၊ နောက်ပြန် ကြီးလဲ ပြန်မမောင်းပါနဲ့။

❋ ❋ ❋

# ကြည့်တတ်ရင်အားရှိစရာ

သာသနာဆိုတာ ဘဝခန္ဓာအခက်အခဲ မျိုးစုံကို ဖြေရှင်းဖို့ပေါ်လာခြင်းပဲ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ပြီးနေကြရတာပါ။

အဲသလိုဆိုတော့ ယခု ပဋ္ဌာနတာရုံဆရာတော်ဘုရားကြီးရဲ့ မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့ ကုသိုလ်တွေပွားလိုက်တာ အများကြီးပေါ့၊ ပညာအလင်းရောင်တွေလဲ ညှိထွန်းနိုင်လိုက်ကြတာလဲ အများကြီး တရားစွမ်းအားတွေရကြတယ်၊

- ❖ **မွေးနေ့မင်္ဂလာဆိုတာ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်ရင် . . .**
- ❖ **ခန္ဓာကိုယ်ကြီးကြိုးချည်ထားမရလို့**
- ❖ **နောက်တစ်နှစ်ကြီးလာပြန်ပြီလို့**

❖ ဉာဏ်နဲ့ကြည့်ရင် ဒါလဲတရားပဲ
❖ ဒါလဲ ပညာပဈွောတခေါ်တဲ့
❖ ပညာအလင်းရောင်နဲ့ကြည့်တာပဲ

မကြည့်ရင်တော့ စွမ်းအားမရနိုင်ဘူးပေါ့၊ မကြည့်ရင် အားငယ်စရာပေါ်လာမှာပေါ့၊ ကြည့်တတ်တော့လဲ အားရှိစရာပေါ်လာတယ်။

❋ ❋ ❋

## တစ်နှစ်တစ်ခါပြောင်းတာမဟုတ်ဖူး

* **တစ်နှစ်တစ်ခါ၊ မွေးနေ့ပါ၊ လူမှာခေါ်ရိုးရှိ၊**

လူတွေပြောကြတာကတော့ ၁ နှစ် ၁ ခါ မွေးနေ့လုပ်ကြတယ်၊ ၁ နှစ် ၁ခါ၊ ၁ နှစ်ပြည့် ပြန်ပြီလို့ ပြောကြတယ်။

* **တကယ်ပြောင်းတာ၊ ရုပ်နာမ်ပါ၊**

**ခန္ဓာမမြဲသိ၊**

ပြောင်းတာကတော့ ၁ နှစ်မှာ ၁ ခါပြောင်းတာမဟုတ်ပါဘူး၊ စက္ကန့်မိနစ်မလပ် တဖြုတ်ဖြုတ် ပြောင်းနေတာပါ၊ ဒါကြောင့် ဤရုပ်, ဤနာမ်, ဤခန္ဓာကိုယ်ကြီးသည် မမြဲဘူးလို့ ဉာဏ်နဲ့ မြင်အောင်ကြည့်။

ပညာပဓာနတ ခေါ်ဆိုရတဲ့ ဉာဏ်ပညာ အလင်းရောင်ညှိထွန်းလို့ ကြည့်လိုက်၊ ဒါဟာ တရားပဲ၊ အသက်ကြီးတာဟာ နိဗ္ဗာန်ရောက် ကြောင်း ဖြစ်သွားတယ်၊ ဘာမဆို ကြည့်တတ်ရင် တရားချည်းပဲပေါ့။

လောကမှာ ဆေးပညာတတ်ကျွမ်းသူရဲ့ ဆေးပညာမျက်လုံးနဲ့ကြည့်ရင် သစ်ပင်တိုင်း သစ်ပင်တိုင်း ဆေးဖက်ဝင်ပါတယ်၊ ဆေးဖက်မဝင်တဲ့ သစ်ပင် တစ်ပင်မှမရှိဘူး၊ ကိုယ်က ဆေးပညာတတ်ကျွမ်းဖို့ပဲလိုတယ်၊ သစ်ပင်တိုင်း သစ်ပင်တိုင်းမှာ ရောဂါပျောက်စေနိုင်တဲ့ အာနိသင်အကုန်ပါတယ်။

ဒါမျိုးလိုပဲပေါ့၊ ပညာမျက်လုံးကောင်းတဲ့ ပုဂ္ဂိုလ်၊ တရားမျက်လုံးကောင်းတဲ့ပုဂ္ဂိုလ်ရဲ့ ပညာမျက်လုံးနဲ့ကြည့်မယ်ဆိုရင် အာရုံတိုင်း၊ အာရုံတိုင်း နိဗ္ဗာန်ရောက်ကြောင်းတွေချည်းပဲ၊ ကြည့်တတ်ဖို့ပဲ လိုပါတယ်၊ ကြည့်တတ်ရင် အကုန်လုံးတရားချည်းပဲ။

ဒါကြောင့် တရားမျက်လုံး၊ တစ်နည်းအားဖြင့် ဉာဏ်ဒေသနာအရပြောရင် ပညာပဇ္ဇောတ၊ ပညာအလင်းရောင်ဟာ အင်မတန် အရေးကြီးတယ်၊ ဒါကြောင့် အသက်ကြီးတာလဲ နိဗ္ဗာန်ရောက်ကြောင်းပဲ၊ ကြည့်တတ်ရင် တရားပဲ။

❋ ❋ ❋

# သေမင်းမှတ်တိုင်
# နောက်တစ်တိုင်ရောက်လာတာ

***   တစ်နှစ်တစ်ခါ၊ မွေးနေ့ပါ၊ လူမှာခေါ်ရိုးရှိ၊**
***   တကယ်ပြောင်းတာ၊ ရုပ်နာမ်ပါ၊ ခန္ဓာမမြဲသိ၊**
***   ရုပ်နာမ်မမွေ၊ မမြဲကြ၊ ခဏခဏပြောင်းနေ၏၊**

ဉာဏ်မှန်ဘီလူးလေး တပ်ကြည့်လိုက်တဲ့ အခါကျတော့ စက္ကန့်မိနစ်မလပ်၊ ၁–စက္ကန့် အတွင်းမှာတောင် အကြိမ်ပေါင်းသိန်းနဲ့ချီပြီး တော့ ပြောင်းနေတာ၊ အဲဒါလေးတွေကို အမှန်တော့ ဉာဏ်သတိနဲ့စိုက်ပြီး ကြည့်နေရတာတွေ၊ မကြည့် တတ်ရင် ဆန့်ကျင်ဘက် မောဟအမှောင် ဝင်လာ တာပဲ။

* **ရုပ်နာမ်ဓမ္မ၊ မမြဲကြ၊**
  **ခဏခဏပြောင်းနေ၏၊**
* **သေမင်းမှတ်တိုင်၊ နောက်တစ်တိုင်၊**
  **ရင်ဆိုင်ရောက်လာ၏၊**

ဉာဏ်နဲ့ကြည့်လိုက်တော့ နောက်မှတ်တိုင် တစ်တိုင် ရောက်လာတာပဲ၊ ၁–နှစ်ပြည့်ရင် သေမင်းမှတ်တိုင် ၁–တိုင်၊ အသက်(၃၀)ရှိပြီ ဆိုရင် သေမင်းမှတ်တိုင်ပေါင်း (၃၀)တွေ့ရမှာပေါ့၊ အသက်(၆၀)ရှိရင် သေမင်းမှတ်တိုင်ပေါင်း (၆၀) တွေ့ရမှာပေါ့။

❋ ❋ ❋

# ခါးပိုက်နှိုက်သုံးယောက်ရှိတယ်

*** သေမင်းမှတ်တိုင်၊ နောက်တစ်တိုင်၊ ရင်ဆိုင်ရောက်လာ၏၊**

မှတ်တိုင်တစ်တိုင်ရောက်ပြန်ပြီလို့ ဉာဏ်နဲ့ ကြည့်ရမယ်၊ ဉာဏ်နဲ့ကြည့်ရင် လောကမှာ ဘတ်(စ်)ကား စသည် စီးသွားတဲ့အခါ မှတ်တိုင် အဆင်းအတက်လေးတွေမှာ ခါးပိုက်နှိုက်တွေ့ရ တတ်တယ်၊ ပါတာလေးတွေ ဆွဲသွားတတ်တယ်။

ဒါမျိုးလိုပေါ့၊ သေမင်းမှတ်တိုင် ရောက်တဲ့ အခါ ခါးပိုက်နှိုက်က (၃)ယောက်ရှိတယ်၊ လောဘ ရယ်၊ မောဟရယ်၊ ဒေါသရယ်၊ တစ်နည်းအားဖြင့် ဇရာရယ်၊ ဗျာဓိရယ်၊ မရဏရယ်။

သူတို့က ခါးပိုက်နှိုက်တွေ၊ ချောင်းနေကြတာ၊ ရှိတာလေးတွေ အကုန်လုံးဆွဲချသွားမယ်၊ တော်ကြာ ကိုယ်ပိုင်အလုပ်တွေလုပ်လို့ မဖြစ်အောင် သူတို့က နှောင့်ယှက်သွားမယ်။

ဒါကြောင့် သေမင်းမှတ်ကိုင်ရောက်တော့လဲ ခါးပိုက်နှိုက်မခံရအောင် ပညာအလင်းရောင် ညှိထွန်းပြီးတော့ သတိကြီးစွာထားပြီး စောင့်ရှောက်ဖို့၊ ကိုယ်ကလက်ဦးဆောင် တရားစွမ်းအားယူဖို့ အရေးကြီးပါတယ်။

❀ ❀ ❀

# အသက်ကြီးခြင်းနှင့် အကျင့်သိက္ခာကြီးခြင်း

* **သေမင်းမှတ်တိုင်၊ နောက်တစ်တိုင်၊ ရင်ဆိုင်ရောက်လာ၏၊**

* **အသက်သိက္ခာ၊ ကြီးစရာ၊ လူမှာနှစ်မျိုးရှိ၊**

လူရဲ့ခန္ဓာမှာ ကြီးစရာက အတိုချုပ်ရင် (၂)မျိုးရှိတယ်။

(၁) အသက်အားဖြင့်ကြီးခြင်း၊

(၂) အကျင့်သိက္ခာတရားအားဖြင့်ကြီးခြင်းလို့ (၂)မျိုးရှိတယ်။

(၁) **အသက်အားဖြင့်ကြီးခြင်း** ဆိုတာက တမင်ကြိုးစားရတာမှ မဟုတ်ပဲ ဇရာကြိုးက သူ့ဟာသူဆွဲသွားတာ၊ အားအား,မအား အား, စိတ်ပါပါ, မပါပါ အသက်မကြီးမှာတော့ မပူပါနဲ့လေ။

မအားလဲ အသက်ကတော့ကြီးမှာပဲ၊ သို့သော် အသက်ကြီးရုံနဲ့တော့ ဆင်းရဲဒုက္ခ အပူတွေလဲ လျော့မှာမဟုတ်ဖူး၊ ချမ်းသာတွေဆိုတာလဲ သူ့ဟာသူ ရောက်လာကြမှာ မဟုတ်ဖူး။

(၂) **အကျင့်သိက္ခာတရားအားဖြင့်ကြီးခြင်း** ကျတော့ သူ့ဟာသူကြီးတာမှ မဟုတ်ပဲ၊ တမင်ကို ကြိုးစားယူရတာ၊ တမင်အားထုတ်ယူရတယ်၊ တမင်ကြိုးစားအားထုတ်မှ အကျင့်သိက္ခာကောင်းမှု တရားကြီးတာ။

* **အသက်ကြီးရုံ၊ အားမစုံ၊**
  **အကုန်ကြောက်ရ၏၊**

တရားမပါပဲနဲ့ အသက်ကြီးရုံသာကြီးသွားရင် အကုန်ကြောက်တယ်၊ အားမစုံဘူး။

# အသက်ကြီးပြီး တရားမကြီးရင်

* **အသက်ကြီးရုံ၊ အားမစုံ၊**
**အကုန်ကြောက်ရ၏၊**

အသက်သာကြီးပြီး တရားမကြီးတဲ့သူ၊ ကိုယ့်ဟာကိုယ်လဲ ကြောက်တာပဲ၊ "မင်းအသက် ဘယ်လောက်ရှိပြီလဲကွ" လို့ သူများက မေးမှာကို ကြောက်တာ၊ ကိုယ့်ဟာကိုယ် အသက်ဘယ် လောက်ရှိပြီလို့ ပြောရမှာကို ကြောက်နေတော့တာ။

❖ **ကိုယ့်ပတ်ဝန်းကျင်လဲ ကြောက်နေတော့ တာပဲ၊**
❖ **နောက်ဘဝလှမ်းကြည့်လဲ ကြောက်တာပဲ၊**
❖ **သူ့မှာအကုန်ကြောက်စရာတွေချည်းပဲ၊**
❖ **အားကိုးစရာတရားမပါပဲ**
❖ **အသက်ကြီးရုံသာကြီးရင်**
❖ **အမြဲတမ်းကြောက်ရပါတယ်၊**

ဒါကြောင့် တချို့က အသက်မေးတာ မကြိုက်တာ အဲဒါပေါ့၊ တရားမကြီးတဲ့ပုဂ္ဂိုလ် အသက်သွားမမေးနဲ့၊ ရန်ဖြစ်သွားမယ်။

* **အသိမကြွယ်၊ အကျင့်ကွယ်၊**
**အိုပယ်ဖြစ်သွား၏၊**

အသိကမကြွယ်တော့ အကျင့်တွေ ကွယ်ပျောက်သွားတယ်၊ အိုပယ်ကြီးဖြစ်သွားတယ်။

အိုပယ်ဖြစ်သွားတော့ ပတ်ဝန်းကျင်က ကိုယ့်ကို ဘယ်သူမှ အရေးမစိုက်တော့ဘူး၊ ချောင်ထိုးလိုက်တယ်။

ကိုယ့်ဟာကိုယ်လဲ အားကိုးစရာမရှိ, သူများကလဲ ကိုယ့်ကို အရေးအတွက်မထား၊ အိုပယ်ကြီးဖြစ်သွားတယ်။

* **အကျင့်သိက္ခာ၊ ကြီးမှသာ၊**
**မှန်စွာစိတ်အေး၏၊**

သီလ၊ သမာဓိ, ပညာဆိုတဲ့ အကျင့်သိက္ခာ တရားစွမ်းအားပါ ကြီးပြီးလာတဲ့ပုဂ္ဂိုလ်ကျတော့လဲ ပြောရဲတာပေါ့လေ၊ ကိုယ့်အသက် ဘယ်နှစ်နှစ်ရှိပြီလို့ ပြောရဲတယ်၊ လ,စွန်းလေးတွေပါ ထည့်ပြောရဲလာတယ်၊ ရက်စွန်းကလေးတွေပါ ထည့်ပြောရဲလာတယ်။

ပြောရဲတာပေါ့၊ သူ့မှာ အားကိုးစရာ တရားစွမ်းအားကိုယ်ပိုင်တွေ ရှိလာတာကိုး။

❀ ❀ ❀

# ကြီးလေ, လှလေ

* **အကျင့်သိက္ခာ၊ ကြီးမှသာ၊**
**မှန်စွာစိတ်အေး၏၊**
* **ကြီးလေလှလေ၊ အေးမြပေ၊**
**လူတွေချစ်ကြ၏၊**

အကျင့်သိက္ခာကြီးတဲ့ ပုဂ္ဂိုလ်ကျတော့ ကြီးလေ လှလေ၊ အသက်ကြီးလေ၊ ပိုခန့်ညားလာတယ်၊ ပိုချစ်စရာကောင်းလာတယ်။

အကျင့်သိက္ခာမပါပဲနဲ့၊ တရားမပါပဲနဲ့ အသက်ကြီးရုံသာကြီးတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်သူမှ တန်ဖိုးမထား။

"အဖိုးကြီး ကိုယ့်နေရာကိုယ်သွားနေ၊ ဘာနားလည်လို့တုန်း၊ အဖွားကြီး၊ ကိုယ့်နေရာကိုယ် သွားနေ၊ ဘာနားလည်လို့တုန်း"နဲ့ ဟိုလူက

ဟောက်ချင်၊ ဒီလူကငေါက်ချင်၊ အထင်သေးချင်ကြတယ်။

အကျင့်သိက္ခာကြီးလာတဲ့ ပုဂ္ဂိုလ်ကျတော့ “အဖိုး– ဒီနားကြွပါခင်ဗျာ၊ အဖွား ဒီနားကြွပါခင်ဗျာ”နဲ့ ဘယ်သူမှ ချောင်လဲမထိုးရဲဘူး၊ နောက်လဲမပို့ရဲဘူး၊ အကျင့်သိက္ခာအရှိန်အဝါက အင်မတန် ကြီးမားတာပဲ။

တရားအင်အားဆိုတာ လောကမှာ အကြီးမားဆုံးအင်အားပဲ၊ ထည်ဝါသွားစေတယ်၊ ခန့်ညားသွားစေတယ်၊ ကျက်သရေရှိသွားစေတယ်။

ဒါကြောင့် ယခု မုံရွာပဓာနတာရုံဆရာတော်ဘုရားကြီး သက်တော် (၆၇)နှစ်ဆိုတော့ အသက်ကြီးတော့ ပိုလို့ခန့်ညားလာတယ်၊ သာသနာ့ဂုဏ်တွေ, တရားဂုဏ်တွေ နည်းတာမှမဟုတ်ပဲ။

အဲဒါတွေကိုလဲ အာရုံပြု ပူဇော်နေကြတယ်၊ ပူဇော်ရင်းနဲ့ တရားစွမ်းအားတွေကို လိမ္မာပါးနပ်စွာ၊ အသိပညာနဲ့ရအောင် ယူနေကြတာပါ။

❖ **တစ်နှစ်တစ်ခါ၊ မွေးနေ့ပါ၊ လူမှာခေါ်ရိုးရှိ၊**

❖ **တကယ်ပြောင်းတာ၊ ရုပ်နာမ်ပါ၊**

**ခန္ဓာမမြဲသိ၊**

❖ ရုပ်နာမ်ဓမ္မ၊ မမြဲကြ၊
ခဏခဏပြောင်းနေ၏၊
❖ သေမင်းမှတ်တိုင်၊ နောက်တစ်တိုင်၊
ရင်ဆိုင်ရောက်လာ၏၊
❖ အသက်သိက္ခာ၊ ကြီးစရာ၊ လူမှာနှစ်မျိုးရှိ၊
❖ အသက်ကြီးရုံ၊ အားမစုံ၊
အကုန်ကြောက်ရ၏၊
❖ အသိမကြွယ်၊ အကျင့်ကွယ်၊
အိုပယ်ဖြစ်သွား၏၊
❖ အကျင့်သိက္ခာ၊ ကြီးမှသာ၊
မှန်စွာစိတ်အေး၏၊
❖ ကြီးလေလှလေ၊ အေးမြပေ၊
လူတွေချစ်ကြ၏၊

❁ ❁ ❁

## ပညာအလင်းရောင်လိုတယ်

အကျင့်သိက္ခာတရား စွမ်းအားပါကြီးဖို့ ဆိုရင်လဲ ပညာပဇ္ဇောတ၊ ပညာအလင်းရောင်လို တာပဲ၊ တရားအလုပ် အကွက်စေ့အောင်လုပ်

တော့မယ်ဆိုရင် ပညာအလင်းရောင်မပါပဲနဲ့ ဘယ်ဖြစ်မှာတုန်း၊ ပညာအလင်းရောင်ပါမှပဲ အကွက်စေ့အောင်လုပ်နိုင်ကြမှာပါ။

ဒါကြောင့် ဇတ်ဇသော ပညာပဒ္ဓောတော-ဤပညာတည်းဟူသော အရောင်အလင်းသည်၊ အဂ္ဂအဂ္ဂေါ-အချွန်ဆုံး၊ အလွန်ဆုံး၊ အမွန်ဆုံး၊ အမြတ်ဆုံးသည်၊ ဟောတိ-ပညာလမ်းပြ၊ လူ့အလှဟု၊ မုချမသွေ ဖြစ်ရပါပေသတည်း။

ဒါကြောင့် လူ့စွမ်းအား လူ့အလှကို ပြည့်ပြည့်ဝဝရအောင် ဆောင်ရွက်ပေးနိုင်သော ပညာအလင်းရောင်သည်၊ တရားစွမ်းအားရ အောင်ယူနိုင်ဖို့ ဆောင်ရွက်ပေးတယ်ပေါ့။

❀ ❀ ❀

# ကိလေသာလက်ထဲက
# စိတ်ကလေးကိုလုကြရတယ်

တရားစွမ်းအားရအောင် ယူဖို့ဆိုရင် ကိလေသာ ဆိုတဲ့ လက်ထဲက စိတ်ကလေးကို လုကြရပါတယ်၊ စိတ်ကိုမလုနိုင်ပဲနဲ့ ကုသိုလ်မဖြစ်ပါ၊ စိတ်မနိုင်ဘူးဆိုတာ အမှန်တော့ ကိလေသာတွေ ဆွဲကိုင်ထားလို့ပါ။

ကိလေသာတွေဆုပ်ကိုင်ထားလို့ သူတို့လက်ထဲက စိတ်ကလေး ကို လုလို့မရတဲ့ ပုဂ္ဂိုလ်များဟာ ဘာကုသိုလ်မှ မလုပ်နိုင်ကြဘူး၊ ကုသိုလ်လုပ်ရင် စွမ်းအားရမယ်ဆိုတာ သိပါရဲ့သားနဲ့ ဒီအတိုင်း မှိုင်နေရတယ်။

ဒါနလုပ်ရင် တရားစွမ်းအားရမယ်ဆိုတာ သိပါရဲ့သားနဲ့ ဒါနမလုပ်နိုင်ကြဘူး၊ သီလလုံခြုံ

အောင် စောင့်ထိန်းရင် ချမ်းသာရမယ်၊ စွမ်းအား ရမယ်ဆိုတာ သိပါရက်သားနဲ့ ကိလေသာနီဝရဏ လက်ထဲက စိတ်ကလေးကို လုလို့မရတဲ့အတွက် သီလအပျက်ခံကြရတာတွေ။

သမာဓိဘာဝနာ, ဝိပဿနာဘာဝနာ ပွားများ အားထုတ်ရင် စွမ်းအားရမယ်ဆိုတာ သိနေပါ လျက်သားနဲ့ ကိလေသာနီဝရဏ လက်ထဲက စိတ်ကလေးကို လုယူလို့မရတဲ့အတွက်ကြောင့် လက်မြှောက်ပြီး မှိုင်နေကြရတာတွေ၊ (စိတ်ကလေး ကို လုလို့မရဘူး)

ဒါကြောင့် ကုသိုလ်တရားရဖို့ဆိုတာ တော် တော်ကြိုးစားရတယ်၊ အကုသိုလ်ဖြစ်ဖို့ တကယ် လွယ်ပါတယ်၊ စိတ်ကလေးကိုလွှတ်ထားလိုက်၊ အကုသိုလ်လွယ်လွယ်လေး ဖြစ်တာပဲ။

❀ ❀ ❀

# အဖိုးတန်ကျောက်မျက်ကို ခက်ခဲစွာတူးရတယ်

လောကမှာ လူတွေတန်ဖိုးထားတဲ့ ကျောက်မျက်ရတနာ စသော ရတနာတွေဟာ လမ်းကြို လမ်းကြားပေါ် လျှောက်ကောက်လို့ ဘယ်ရလိမ့်မတုန်း၊ ဟိုတောထဲ တောင်ထဲ အဝေးကြီးကို သွားပြီးတော့ ခက်ခက်ခဲခဲ သက်စွန့်ကြိုးပမ်း တူးကြဖော်ကြရတယ်။

ကျောက်ခဲတွေ၊ သဲတွေ၊ ရွှံ့တွေ၊ ညွှံတွေ၊ အမှိုက်သရိုက်တွေကို ဖယ်ရှားယက်ကန်ထုတ်၊ ဒါတောင် တူးတိုင်းရတာမဟုတ်သေးဘူး။

ရအောင်တူးဖော်၊ အနှစ်နဲ့အကာခွဲ၊ အကာတွေကိုဖယ်ထုတ်၊ အနှစ်ကိုရပြန်တော့၊ သေသေ

ချာချာသန့်စင်အောင် ဆေးကြော၊ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များက အကွက်ပေါ်အောင်သွေးပြီး ပေးလိုက်ကာမှ အရောင်တဖိတ်ဖိတ်တောက်တဲ့ ကျောက်မျက်ရတနာဆိုတာ ဖြစ်လာရတယ်။

လူ့ရဲ့ခန္ဓာကိုယ်မှာ စိတ်ကြိုက် အလှတန်ဆာဆင်ပေးလိုက်ကော့ လူကို ထည်ဝါသွားစေနိုင်တယ်၊ ရွှင်လန်းသွားစေနိုင်တယ်၊ လူကို လှပသွားစေနိုင်တယ်၊ လူ့စိတ်မှာ ကြည်နူးသွားစေနိုင်တယ်။

အမျိုးမှန်တဲ့ ကျောက်မျက်ရတနာဟာ တူးဖော်သူကလဲမရှိ၊ ပြုပြင်သူလဲမရှိ၊ ဒီအတိုင်းသာပစ်ထားရင် ဒီအတိုင်းပဲနေမှာပေါ့၊ ရွှံ့ထဲ၊ ညွှံ့ထဲ၊ ကျောက်ထဲ၊ မြေထဲမှာပဲ မြုပ်နေမှာပေါ့၊ လူ့ခန္ဓာမှာ အလှဆင်ပေးနိုင်တဲ့ ရတနာအဖြစ် ရောက်နိုင်မှာ မဟုတ်ဖူးပေါ့။

# လူ့စိတ်သည် အထူးခြားဆုံး

ဒါမျိုးလိုပေါ့၊ စိတ်တွေထဲမှာ လူ့စိတ်သည် အထူးခြားဆုံး၊ လူ့စိတ်သည် အမြင့်မြတ်ဆုံး၊ သာသနာပေါ်ပေါက်အောင် လူ့စိတ်နဲ့ ဖော်ထုတ်ရတာပါ၊ နတ်ဗြဟ္မာစိတ်နဲ့ ဖော်ထုတ်လို့မရပါ။

သာသနာမကွယ်ပျောက်အောင် လူ့စိတ်နဲ့ စောင့်ရှောက်ပြီးတော့ နေကြရပါတယ်၊ နတ်ဗြဟ္မာတွေလဲ သူတို့တတ်နိုင်တဲ့နည်းနဲ့ စောင့်ရှောက်တော့ စောင့်ရှောက်ကြမှာပါ၊ သို့သော် အတွင်းကျကျ စောင့်ရှောက်နိုင်တာ လူ့စိတ်ဓာတ်ပါ။

လူ့စိတ်သည် မိမိ, သူတစ်ပါး, လောက, သာသနာ ကောင်းကျိုးပြု အင်အားတွေရအောင်

ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်တဲ့ စွမ်းအား ရှိပါတယ်၊ ဒါကြောင့် လူ့စိတ်ဓာတ်သည် အထူး ခြားဆုံးဖြစ်တယ်၊ အမြင့်မြတ်ဆုံးဖြစ်တယ်။

သို့သော်လဲပဲ လောဘ, ဒေါသ, မောဟဆိုတဲ့ ကျောက်ခဲတွေ၊ သဲတွေ၊ ရွံ့တွေ ညွှံတွေ အမှိုက် သရိုက်တွေကြားထဲမှာ နစ်မြုပ်နေတဲ့ ဟောဒီစိတ် လေး ဘယ်အရောင်တောက်လိမ့်မတုန်း။

❋ ❋ ❋

# စိတ်မိုက်ရင်လူမိုက်

အဲသလိုနှစ်မြုပ်နေတဲ့အခါ ဒီစိတ်ကလေးက သူများအတွက် ကူညီပေးဖို့မပြောပါနဲ့ ကိုယ့်အတွက်တောင် ဘာမှအသုံးမဝင်တော့ဘူး။

သူများအတွက် ကယ်တင်ဖို့မပြောနဲ့၊ ကိုယ့်ဟာကိုယ်တောင်မှ ကယ်တင်နိုင်စွမ်းမရှိတော့ဘူး၊ စိတ်ကလေးဟာ မိုက်ရိုင်းကြမ်းကြုတ် နေတယ်။

မိုက်ရိုင်းကြမ်းကြုတ်နေတဲ့ မောဟအမှောင်ထဲနေရတဲ့ စိတ်ကလေးဟာ လူကိုပါ နာမည်ပျက်သွားစေတယ်၊ စိတ်ကလေးမိုက်တော့ လူပါ လူမိုက်ဖြစ်သွားတယ်။

ဒါကြောင့် အဲဒီစိတ်ကလေးကိုလဲ လောဘ, ဒေါသ, မောဟ စတဲ့ ကျောက်ခဲ၊ သဲတွေ၊ ရွှံ့တွေ၊ ညွှံတွေ၊ အမှိုက်သရိုက်တွေကြားထဲကနေပြီး

သဒ္ဒါဝီရိယဆိုတဲ့ ခွန်အားတွေသုံးပြီးတော့ တူးရတယ်၊ ဖော်ရတယ်၊ ဆွဲထုတ်ယူရပါတယ်။

အစမထင် သံသရာကပါလာတဲ့ ကိလေသာသတ္တိအထုံက သိပ်ထူထဲပြီးနေတော့ သာမန်လုံ့လဝီရိယနဲ့ ဒီစိတ်ကလေးကို ဆွဲလို့ဘယ်ရမှာတုန်း၊ တော်တော်ကို ကြိုးကြိုးစားစားဆွဲရတယ်။

ယခုလို တရားပွဲလေးတစ်ခုလာနာဖို့ စိတ်ကလေးကို မနည်းဆွဲရတယ်၊ ပွဲလမ်းသဘင်လို မဟုတ်ပါဘူး၊ တရားအလုပ်အားထုတ်နိုင်ဖို့ စိတ်ကို ကိလေသာကြားထဲက မနည်းဆွဲထုတ်ရပါတယ်။

စောစောကပြောသလို မောဟအမှောင်ထဲမှာ လောဘ, ဒေါသ နှစ်ဖက်ညှပ်ထောင်းသမျှ ခံနေရတဲ့စိတ်ကလေး၊ အဲဒီစိတ်ကလေးကို ကိလေသာကျောက်ခဲတွေ၊ သဲတွေ၊ ရွှံ့တွေ၊ ညွှံတွေ၊ အမှိုက်သရိုက်တွေကြားထဲမှာ ခက်ခက်ခဲခဲနဲ့ ဆွဲထုတ်ပြီးတော့ ယူရပါတယ်။

❁ ❁ ❁

# အဖိုးတန်စိတ်ကလေး

ဆွဲထုတ်ယူလို့ရလာပြန်တော့ စိတ်ကောင်း စိတ်မြတ်ကလေးရယ်လို့ အားကိုးစရာအဖြစ် ပေါ်လာတယ်။

ဒီစိတ်ကောင်းစိတ်မြတ်ကလေးတွေကို သီလ နဲ့သန့်စင်၊ သမာဓိနဲ့ဆေးကြော၊ ဝိပဿနာနဲ့ ထက်အောင်သွေးလိုက်ပြန်တော့ အရောင်တဖိတ် ဖိတ်တောက်တဲ့ ဟောဒီစိတ်ကလေး ကျောက်မျက် ရတနာလေးလိုပေါ့၊ အင်မတန် အဖိုးတန်စိတ် ကလေးဖြစ်လာတယ်။

အဖိုးတန်စိတ်ကလေးအဖြစ် ရောက်လာတဲ့ အခါမှာ မိမိ, သူတစ်ပါး, လောက, သာသနာ ကောင်းကျိုးပြုအင်အားတွေကို အကွက်စေ့စေ့၊ ထိထိရောက်ရောက်၊ တိတိကျကျ၊ ပြည့်ပြည့်ဝဝ

ရအောင် ဆောင်ရွက်နိုင်တယ်၊ စိတ်ထားတတ်လာတယ်၊ အာရုံနဲ့စိတ် ဒ႑ဆင်ပြေအောင် နေတတ်လာတယ်၊ လူလဲပဲ မြင့်မြတ်သွားတယ်။

- ❖ **ယောဒီပုဂ္ဂိုလ်ဟာ အလှူရှင်ကြီးပေါ့၊**
- ❖ **သူက ကျောင်းဒကာ, ကျောင်းအမကြီးပေါ့၊**
- ❖ **သူက ရဟန်းဒကာ, ရဟန်းအမကြီးပေါ့၊**
- ❖ **သူက ယောဂီပုဂ္ဂိုလ်ကြီးပေါ့၊**
- ❖ **သူက ကိုရင်လေးပေါ့၊**
- ❖ **သူက ရဟန်းပေါ့၊**
- ❖ **သူက ဆရာတော်ကြီးပေါ့၊**

စိတ်ထားတတ်လို့ စိတ်မြင့်မြတ်တော့ တစ်ခါထဲ လူပါ ဂုဏ်တက်သွားတယ်၊ ပစ္စုပ္ပန်မှာလဲ ချမ်းသာအောင်နေတတ်လာတယ်။

နောင်ချမ်းသာဖို့အတွက် အကွက်စေ့အောင် အကုန်လုံး မြင့်မြတ်တဲ့စိတ်ကလေးတွေနဲ့ အကွက်စေ့အောင်လုပ်တတ်လာတယ်။

ဒါကြောင့် တရားနာကြတယ်ဆိုတာ စိတ်ကလေးကို ဆွဲထုတ်တူးဖော်ကြတာ၊ အမျိုးမှန်စိတ်ကလေးကို အဖိုးတန်အဆင့်ရောက်အောင် မြှင့်တင်ပေးကြတာပါ။

* **ရတနာမှန်၊ အဖိုးတန်အောင်၊**
**ရှဲ့နှံကျောက်ခဲ၊ သဲမြေထဲမှ၊ ခက်ခဲလှစွာ၊**
**တူးဖော်ကာ၊ ကောင်းစွာပြုပြင်ရ၊**

မြေကြီးထဲမှာ တိမ်မြုပ်နေတဲ့ အမျိုးမှန်ကျောက်မျက်ရတနာ စတဲ့ ရတနာတွေ အဖိုးတန်အဆင့်ရောက်အောင်ဆိုရင် တော်တော့်ကို ခဲရာခဲဆစ် ခက်ခက်ခဲခဲ တူးဖော်ရပါတယ်။

❁ ❁ ❁

# အရောင်တဖိတ်ဖိတ်တောက်သော ရတနာဖြစ်လာတယ်

* **ရတနာမှန်၊ အဖိုးတန်အောင်၊**
**ရှဲ့နှံကျောက်ခဲ၊ သဲမြေထဲမှ၊**
**ခက်ခဲလှစွာ၊ တူးဖော်ကာ၊**
**ကောင်းစွာပြုပြင်ရ၊**

တူးဖော်သူကလဲရှိမှ၊ ကျွမ်းကျင်တဲ့ ပြုပြင်သူကလဲရှိမှ ဒါမှ အရောင်တဖိတ်ဖိတ်တောက်တဲ့ ရတနာဖြစ်လာတယ်။

* **ဆင်မြန်းသူမှာ၊ ရှင်လန်းကာ၊**
  **ထည်ဝါဂုဏ်ရှိလှ၊**

စောစောက ကျောက်ခဲတွေ၊ သဲတွေကြားထဲ မြုပ်နေတုန်းကတော့ ဘယ်မှာအလှဆင်လို့ လှလိမ့်မတုန်း၊ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များက တူးဖော်လို့ ပြုပြင်ပြီးတဲ့အခါကျတော့ လူရဲ့ခန္ဓာမှာ အလှဆင်လိုက်တဲ့အခါမှာ ဆင်မြန်းသူမှာ ရှင်လန်းစေတယ်၊ လူကို လှပစေတယ်၊ တင့်တယ်စေတယ်၊ ထည်ဝါခန့်ညားစေတယ်၊ ဂုဏ်ရှိစေတယ်။

* **ထူးခြားမြင့်မြတ်၊ လူ့စိတ်ဓာတ်ကို၊**
  **ကျဉ်းကြပ်ရှုပ်ထွေး၊ ကိလေသာခဲ၊**
  **အမှိုက်ထဲမှ၊ ခက်ခဲလှစွာ၊**
  **ဆွဲထုတ်ကာ၊ ကောင်းစွာပြုပြင်ရ၊**

သူတော်ကောင်းတစ်ယောက်ဖြစ်ဖို့ (အမှန်တော့) မလွယ်ဘူး၊ ကိလေသာနဲ့ စိတ်ကိုလုရတဲ့အလုပ်က သာမန်အင်အားနဲ့ ဖြစ်တာမှ မဟုတ်ပဲ။

ယခုလို တရားနာရဖို့၊ တရားအလုပ် အားထုတ်ရဖို့ ဟောဒီစိတ်ကလေးကို ကိလေသာလက်ထဲက မနည်းကို ကြိုးကြိုးစားစား လုယူရပါတယ်၊ လုယူပြီးတော့လဲ ကျကျနန သီလ, သမာဓိ, ပညာ စွမ်းအားနဲ့ ပြုပြင်ရတယ်။

✿ ✿ ✿

## အဆင့်မြင့်စိတ်ကလေး ဖြစ်လာပြန်တော့

ပြုပြင်လို့ အဆင့်မြင့်စိတ်ကလေး ဖြစ်လာပြန် တော့လဲပဲ

* **စိတ်ထားတတ်ကာ၊ မြင့်မြတ်ပါ၊ ချမ်းသာဂုဏ်ရှိလှ၊**

စိတ်ထားလေးတွေတတ်လာတယ်၊ စိတ်ထားမတတ်တာက ကိလေသာကြောင့် မတတ်တာကိုး။

စိတ်ကို သူ့နေရာသူမထားတတ်တာ ကိလေသာကြောင့်၊ စိတ်ကို လမ်းမှန်အတိုင်း မထားတတ်တာ ကိလေသာကြောင့်။

ကိလေသာကင်းသွားအောင် အားထုတ်လိုက်တော့ စိတ်ထားလေးတွေတတ်လာတယ်၊ အာရုံနဲ့

စိတ် အဆင်ပြေအောင် နေတတ်လာတယ်၊ လူလဲ မြင့်မြတ်သွားတယ်၊ အဆင့်မြင့်သွားတယ်။

ပစ္စုပ္ပန်လဲချမ်းသာတယ်၊ နောင် ချမ်းသာကြောင်း တရားစွမ်းအားတွေလဲ ယူတတ်လာတယ်၊ လူလဲ ဂုဏ်ရှိသွားတယ်၊ ဂုဏ်တက်သွားတယ်။

ဒါနလဲ ဒါနမို့၊ သီလလဲ သီလမို့၊ သမာဓိလဲ သမာဓိမို့၊ ဝိပဿနာလဲ ဝိပဿနာမို့ လုပ်ငန်းအလိုက် လူဟာ ထည်ထည်ဝါဝါ၊ ခန့်ခန့်ညားညားဖြစ်ပြီးတော့ တကယ့်ကို တင့်တယ်သွားစေနိုင်ပါတယ်။

ဒါကြောင့် ပညာအလင်းရောင်ကောင်းတဲ့ ပုဂ္ဂိုလ်သာလျှင် ယခုလို သဒ္ဒါဝီရိယဓာတ်တွေနဲ့ စိတ်ကလေးကို လုယူပြီးတော့ ကိုယ်ပိုင်စွမ်းအားတွေ ရအောင်ဖော်ထုတ်နိုင်တာ။

* **ရတနာမှန်၊ အဖိုးတန်အောင်၊**
  **ရွံ့နွံကျောက်ခဲ၊ သဲမြေထဲမှ၊ ခက်ခဲလှစွာ၊**
  **တူးဖော်ကာ၊ ကောင်းစွာပြုပြင်ရ၊**
* **ဆင်မြန်းသူမှာ၊ ရှင်လန်းကာ၊**
  **ထည်ဝါဂုဏ်ရှိလှ၊**

* ထူးခြားမြင့်မြတ်၊ လူ့စိတ်ဓာတ်ကို၊
ကျဉ်းကြပ်ရှုပ်ပွေ၊ ကိလေသာခဲ၊
အမှိုက်ထဲမှ၊ ခက်ခဲလှစွာ၊ ဆွဲထုတ်ကာ၊
ကောင်းစွာပြုပြင်ရ၊
* စိတ်ထားတတ်ကာ၊ မြင့်မြတ်ပါ၊
ထည်ဝါဂုဏ်ရှိလှ၊

❁ ❁ ❁

## ဘဝအသုံးချရေးဘက် ဉာဏ်ဦးဆောင်တတ်လာတယ်

ဘုရားလက်ထက်တုန်းက မောင်ငြိမ်းချမ်း ဆိုတဲ့ အမျိုးသားတစ်ယောက်၊ တစ်ချိန်မှာ တရား နာရလို့ ပညာပဓာနတခေါ်တဲ့ ပညာအလင်းရောင် လေးရလာတယ်၊ ဘဝအသုံးချရေးဘက်ကို ဉာဏ် ဦးဆောင်တတ်လာတယ်၊ ဘဝရပ်တည်ရေးမှ ဘဝ အသုံးချရေးသို့ ဦးတည်တတ်လာတယ်။

စောစောကတော့ ဘဝရပ်တည်ဖို့ စီးပွားရှာတယ်၊ ဘဝရပ်တည်ဖို့ စားဝတ်နေရေးအလုပ်လုပ်တယ်၊ ဘဝရပ်တည်ရေးအတွက် ခန္ဓာဝန်ထမ်းဆောင်တဲ့အလုပ်တွေ လုပ်နေတယ်၊ ပုထုဇဉ်ဆိုတော့ ဘဝရပ်ချင်တာပေါ့။

အဝိဇ္ဇာတဏှာတို့ရဲ့ လက်ချက်ကြောင့် ပုထုဇဉ်တွေဟာ ဘဝရလာရင် ရပ်ချင်ကြတာပေါ့၊ ပညာပစ္စောတခေါ်တဲ့ ပညာမျက်လုံး၊ ပညာအလင်းရောင်လေး ညှိထွန်းပြီးကြည့်လိုက်တဲ့အခါမှာ ဘဝဆိုတာ ရပ်လို့မှမရပဲ၊ တစ်စက္ကန့်လေးတောင် ရပ်ထားလို့ရတာမှမဟုတ်ပဲ။

မနေ့ကလဲ ၂–ထပ်ကျွေးခဲ့ရတယ်၊ ဒီနေ့လဲ ၂–ထပ်ကျွေးရတယ်၊ ဒါကတည်းက ဘဝဟာ ရပ်လို့မရတာ သေချာနေပြီပေါ့၊ ဘဝဟာ အမြဲတမ်းပြောင်းနေတယ်။

❋ ❋ ❋

# ဘဝအသုံးချဖို့

ဘဝအမြဲတမ်းပြောင်းနေတယ်ဆိုရင် ဘဝရပ်တည်ဖို့ စီးပွားရှာတာမဟုတ်ဖူး၊ ဘဝရပ်တည်ဖို့ အစားစားတာလဲမဟုတ်ဖူး၊ ဘဝအသုံးချဖို့ စီးပွားရှာတာ၊ ဘဝအသုံးချဖို့ အစားစားတာ။

တရားနာထားတဲ့ပုဂ္ဂိုလ်၊ တရားဗဟုသုတရထားတဲ့ပုဂ္ဂိုလ်၊ ဉာဏ်အမြင်အလင်းရောင်လေးရထားတဲ့ပုဂ္ဂိုလ်ဟာ ဘဝခန္ဓာထမ်းဆောင်ရေးမှာအမြင်ပြောင်းသွားတယ်၊ ဝန်ထုပ်ကိုထမ်းတဲ့အခါပုံစံပြောင်းသွားတယ်ပေါ့။

ဝန်ထုပ်ထမ်းတဲ့အခါ၊ ဝန်ထုပ်ကိုအသုံးချဖို့ပဲ သူ့မှာ အမြဲတမ်း ဉာဏ်နဲ့ဦးဆောင်တတ်လာတယ်။

❀ ❀ ❀

# ဘ၀အမြင်ပြောင်းသွားတယ်

မောင်ငြိမ်းချမ်းဆိုတဲ့ အမျိုးသားလေး တရားနာရလို့ ဘ၀အမြင်လဲပြောင်းသွားတယ်၊ နေ့စဉ်နေ့စဉ် စားဝတ်နေရေးအလုပ်ကို လုပ်တယ်၊ ကိစ္စခပ်သိမ်းဟူသမျှကို သမ္မာဒိဋ္ဌိခေါင်းတွဲနဲ့ ချိတ်ဆက်ပြီးပေးလိုက်တဲ့အခါမှာ အကုန်လုံး နိဗ္ဗာန်ရောက်ကြောင်း အင်အားကောင်းတွေရအောင်ယူတတ်လာတယ်၊ အငှားကို ကိုယ်ပိုင်နဲ့ လဲလှယ်တတ်လာပါတယ်။

ဤခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့ခွဲကြည့်၊ ပညာပဒေ့ာတခါတဲ့ ပညာအလင်းရောင် ညှိထွန်းကြည့်စမ်းပါ၊ အငှားက (၄)ခု တွေ့ရပါလိမ့်မယ်။

❋ ❋ ❋

# အငှား(၄)ခု

အငှား(၄)ခုဆိုတာ၊

(၁) ခန္ဓာကိုယ်ကြီးလဲအငှားပဲ၊

ကိုယ့်ခန္ဓာကိုယ်ပိုင်တာမှမဟုတ်ပဲ၊ ပိုင်လို့ ကျွေးနေရတာမှ မဟုတ်ပဲ၊ ဆိုင်လို့သာ ကျွေးနေရတာ၊ ဉာဏ်မျက်လုံးကောင်းတဲ့ ပုဂ္ဂိုလ်က ဒီခန္ဓာ သုံးချင်လို့ ကျွေးနေတာ၊ ခန္ဓာသည် အငှားသာဖြစ်တယ်။

(၂) ဥစ္စာပစ္စည်းလဲအငှားပဲ၊

မိမိလက်ထဲမှာ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာအကုန်လုံးတွေလဲ အငှားတွေချည်းပဲ၊ ကိုယ်ရှာတဲ့ပစ္စည်း ကိုယ်ပိုင်တာမှမဟုတ်ပဲ၊ စကားအနေနဲ့တော့ ပြောလို့ဖြစ်တယ်ပေါ့၊ ကိုယ်ရှာတာ

ကိုယ်ပိုင်တယ်၊ သူ့ရှာတာ သူပိုင်တယ်၊ (ဒါက စကားကို)၊ စကားဟာ ပြောလို့ ဖြစ်တာပဲ။

တရားအနေအားဖြင့် ကိုယ်ရှာတာ ကိုယ်မပိုင်ပါ၊ ဘုံဆိုင်အငှားသာ ဖြစ်ပါတယ်။

❁ ❁ ❁

# အငှားနဲ့ခွဲပစ်လိုက်တာ

ဆိုကြပါစို့၊ လူတစ်ယောက်ဟာ ရွှေငွေ ပိုက်ဆံ၊ ပစ္စည်းတွေအများကြီးယူပြီး တစ်ယောက်ထဲ ခရီးသွားတယ်ဆိုပါစို့၊ တောလမ်းခရီးက ဖြတ်သွားတဲ့အခါ တောလမ်းတစ်နေရာရောက်တော့ လက်နက်ကိုင်လူဆိုးတွေနဲ့ သွားတွေ့၊ လူဆိုးတွေက လက်နက်ပြပြီးခြိမ်းချောက်။

"ကဲ- မင်းမှာပါတာ အကုန်ပေး"ဆိုပြီး လုယူ၊ လုယူရုံနဲ့ မပြီးသေးဘူး၊ ပစ္စည်းပိုင်ရှင်ဖြစ်တဲ့ လူကိုလဲ ကြိုးနဲ့တုပ်၊ တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်၊ အမျိုးမျိုးနှိပ်စက်ဆိုပါတော့၊ အဲဒီပစ္စည်းပိုင်ရှင်ဖြစ်တဲ့ လူက ကိုယ်ရောစိတ်ရော အကြီးအကျယ် ဆင်းရဲဒုက္ခရောက်မှာ သေချာပါတယ်။

ဒါမျိုးလိုပေါ့၊ ဘဝလေးတစ်ခု နိဂုံးအုပ်တဲ့ အခါကျတော့ "မင်းတစ်သက်လုံးရှာထားတဲ့ ပစ္စည်းတွေ အကုန်ထားခဲ့တော့၊ မင်းကို ဇရာတုတ်

တွေ၊ ဗျာဓိတုတ်တွေ၊ မရဏတုတ်တွေနဲ့ အသေ ရိုက်ရမယ်ဆိုပြီး နှိပ်စက်တာပဲ။

ဘဝတစ်ခု နိဂုံးအုပ်တယ်ဆိုတာ ရှင်းရှင်း ပြောတော့ အငှားနဲ့ ခွဲပစ်လိုက်တာလေ၊ အပိုင်ဖြစ် တဲ့ တရားနဲ့ ဘယ်ခွဲလို့ရမှာတုန်း၊ အငှားကျတော့ ခွဲလို့ရတယ်။

ဒါကထည်းက ပစ္စည်းဟာ ကိုယ်ပိုင်မဟုတ် တာ သေချာသွားပါပြီ၊ ပစ္စည်းဟာ အငှားဆိုတာ သေချာသွားပါပြီ၊ အငှားကို ကိုယ်ပိုင်နဲ့ လဲလှယ် တတ်ဖို့ ယခုလို ပညာပဒေ့ာတ ပညာအလင်းရောင် ကောင်းဖို့ လိုတယ်ပေါ့။

ဒါကြောင့် ခန္ဓာကိုယ်ကြီးလဲ အငှားပဲ၊ ပစ္စည်းဥစ္စာလဲ အငှားပဲ။

❀ ❀ ❀

# ဘုံဆိုင်အငှားတွေ

***  မိမိခန္ဓာ၊ ဆိုင်ရုံသာ၊ မှတ်ပါအငှားရှု၊**

ကိုယ့်ခန္ဓာကြီးလဲ ဆိုင်ရုံသာဆိုင်တယ်၊ ပိုင်တာမဟုတ်၊ အငှားသာဖြစ်တယ်လို့ ဉာဏ်မျက်လုံး၊ ဉာဏ်အလင်းရောင်နဲ့ ညှို့ထွန်းကြည့်ပါ။

***  ပစ္စည်းဥစ္စာ၊ ဘုံဆိုင်သာ၊ မှတ်ပါအငှားရှု၊**

ကိုယ့်လက်ထဲမှာထားတဲ့ ပစ္စည်းဥစ္စာအကုန်လုံးလဲ အငှားတွေ၊ ဘုံဆိုင်အငှားတွေလို့ ဉာဏ်နဲ့မြင်အောင်ကြည့်ထားပါ၊ ဒါမှ အပိုင်နဲ့ လဲလှယ်ဖြစ်မှာပေါ့။

(၃) ဆွေမျိုးတွေလဲ အငှားတွေ၊

မိမိနဲ့ ဘဝတစ်ခုမှာဆုံနေတဲ့ ဆွေမျိုးအကုန်လုံးတွေလဲ အငှားတွေချည်းပါ၊ ကိုယ့်ဆွေမျိုး ကိုယ်ပိုင်တာမှမဟုတ်ပဲ။

ဘဝလေးတစ်ခုအတွင်းမှာတောင် ချစ်ရင်ချစ်သလို ပေါင်းသင်းကြတာပဲ၊ မုန်းရင်မုန်းသလို မတည့်ကြဘူး၊ ခွဲကြပြန်တာပဲ။

ဘဝတစ်ခု နိဂုံးအုပ်တဲ့အချိန်ကျတော့ အငှားဖြစ်တဲ့ဆွေမျိုးတွေနဲ့ ခွဲပစ်လိုက်တာပဲ၊ ဆိုကြပါစို့၊ သားအမိသားအဖတွေ ခရီးသွားတယ်၊ လမ်းတစ်ဝက်ရောက်တော့ လူဆိုးတွေနဲ့တွေ့တယ်၊ လူဆိုးတွေက သားအမိသားအဖတွေ အကုန်ဖမ်းချုပ်၊ တစ်ယောက်လောက်ကိုတော့ လွှတ်လိုက်တယ်။

လွှတ်လိုက်တဲ့ ဆွေမျိုးရဲ့ ကြည့်နေစဉ်မှာပဲ ဖမ်းချုပ်ထားတဲ့ ဆွေမျိုးကို တုတ်နဲ့ရိုက်၊ အသေသတ်တယ်ဆိုပါတော့။

နှိပ်စက်ခံရတဲ့ ဆွေမျိုးမှာလဲ ကိုယ်ရောစိတ်ရော အကြီးအကျယ် ဒုက္ခရောက်တယ်၊ လွှတ်လိုက်တဲ့သူမှာလဲ သူ့ကိုလွှတ်လိုက်တယ်သာပြောတာလေ၊ သူမြင်နေစဉ်မှာ နှိပ်စက်တော့ စိတ်တွေ အကြီးအကျယ် ကယောင်ချောက်ခြားအရူးတစ်ပိုင်းဖြစ်သွား၊ (ဆွေမျိုးတွေနဲ့ခွဲပစ်လိုက်တာ)။

"ကဲ- မင်းဆွေမျိုးတွေ အကုန်ထားပစ်ခဲ့တော့၊ မင်းကိုတော့ ဇရာတုတ်တွေ၊ ဗျာဓိတုတ်တွေ၊ မရဏတုတ်တွေနဲ့ အသေရိုက်သတ်မယ်ဆိုပြီး နှိပ်စက်တာခံလိုက်ရတယ်။

ဒါကြောင့် ဘဝတစ်ခု နိဂုံးအုပ်တယ်ဆိုတာ အငှားဖြစ်တဲ့ဆွေမျိုးတွေနဲ့ ခွဲပစ်လိုက်တာ။

တရားဆိုတာ "ဘူတံဘူတတော ပဿတိ" အရှိကိုအရှိအတိုင်း မြင်အောင်ကြည့်၊ ဒါမှ တရားခေါ်တယ်၊ တရားဆိုတာ ဘာမှအဖုံး အကွယ်မရှိဘူး၊ ဘာမှအားမနာရဘူး၊ အရှိကိုအရှိအတိုင်း မြင်အောင်သာ တိတိကျကျ ထွင်းဖောက်ပြီးတော့ ကြည့်ပါ၊ ဒါမှ တရားခေါ်တာပါ။

ဒါကြောင့် တရားမျက်လုံးနဲ့တပ်ကြည့်ရင် ဘဝတစ်ကွေ့မှာ ခဏတွေ့တဲ့ ဆွေမျိုးတွေလဲ အကုန်လုံးအငှားဆိုတာ သေချာသွားပြီပေါ့။

*** ဘဝတစ်ကွေ့၊ ခဏတွေ့လာ၊ ဆွေမျိုးမှာ၊ မှတ်ပါအငှားရှူ၊**

ဘဝတစ်ကွေ့လေးမှာ ခေတ္တခဏတွေ့ဆုံခိုက်၊ ဆွေမျိုးအကုန်လုံးတွေဟာ အငှားလို့ ဉာဏ်နဲ့ မြင်အောင်ကြည့်၊ ဒီလိုဆိုရင် သူတို့နဲ့တွေ့ဆုံခိုက်မှာ

အပိုင်ဖြစ်တဲ့တရားရအောင် လိမ်မာပါးနပ်စွာ ယူတတ်ဖို့လိုတယ်ပေါ့။

ဆွေမျိုးတွေကိုအကြောင်းပြုပြီး ဒါန, သီလ, ဘာဝနာတွေကို ရအောင်ယူတတ်ဖို့လိုပါတယ်။

(၄) ရာထူးတွေလဲအငှားတွေ၊

ကိုယ့်ကိုယ့်ကြည်လို့ ခေတ္တခဏအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ရာထူးတွေလဲ အငှားတွေပါ၊ ဘာကြောင့် အငှားခေါ်ရသလဲဆိုတော့–

(၁) အချိန်ကန့်သတ်ချက်ပါတယ်၊

(၂) အချိန်စေ့ရင်ပြန်အပ်ရမယ်၊ အချိန်စေ့ရင် ပျောက်ကွယ်ကုန်ကြမယ်၊

(၃)အငှားဆိုတော့ ကိုယ့်ကိုအငိုတိတ်အောင်၊ အကြောက်ပြေအောင်၊ အပူငြိမ်းအောင်၊ သတ္တိရှိအောင်၊ လုံးဝအာမမခံ တာဝန်မယူ။

အဲဒီ(၃)မျိုးကြောင့် အထက်ကဖော်ပြခဲ့တဲ့ တရား(၄)မျိုးကို အငှားလို့ပြောရတာ။

* **ရာထူးဂုဏ်သိရ်၊ အရှိန်အဝါ၊ မမြဲပါ၊ မှတ်ပါအငှားရှု၊**

❋ ❋ ❋

## အငှားရဲ့သဘော

* **အချိန်စေ့က၊ ပြန်အပ်ရတာ၊**
**မအေးပါ၊ လေးဖြာအငှားစု၊**

အငှားဆိုရင် နောက်က အချိန်ကန့်သတ်ချက်ပါတယ်၊ အချိန်စေ့ တော့ ပြန်အပ်ရတယ်၊ အချိန်စေ့တော့ ပျောက်ကွယ်ကုန်ကြမယ်၊ အငှားဆိုတာ ကိုယ့်ကိုအငိုတိတ်အောင်၊ အကြောက်ပြေအောင်၊ အပူငြိမ်းအောင်၊ သတ္တိရှိအောင် အာမမခံတာဝန်မယူပါ။

ငါ့မှာ ပစ္စည်းတွေရှိသားပဲ ဘယ်လိုပြောပြော အငှားတွေလေ၊ တကယ့်အရေးမှာ သူတို့က ဘယ်အာမခံလိမ့်မတုန်း။

ငါ့မှာ ဆွေမျိုးတွေအများကြီးရှိတယ်လို့ ဘယ်လိုပဲ ဆွေမျိုးတွေကို လက်ညှိုးထိုးထိုး ဒါ

အငှားတွေပဲ၊ တကယ်တမ်းကျတော့ သူတို့က ကိုယ့်ကို အာမခံ တာဝန်ယူကြမှာ မဟုတ်ပါ၊ ဒါကြောင့် အချိန်စေ့ရင် ပြန်အပ်ရတာမို့ အကုန်လုံး အငှားတွေချည်းပဲ။

❁ ❁ ❁

## စိတ်ကောင်းစိတ်မြတ်လေးတွေ ပေါ်လာအောင်

မောင်ငြိမ်းချမ်းဆိုတဲ့ အမျိုးသား တရားနာပြီးတဲ့အချိန်ကျတော့ ပညာအလင်းရောင် ကောင်းလာပြီး ဘဝအမြင်ရှင်းလာတယ်။

ဘဝအမြင်ရှင်းတော့ ကိုယ်ပိုင်တရားတွေချည်း ဖြစ်တော့တာပေါ့၊ ကိုယ်ပိုင်တရားဖြစ်ချင်ရင် ကိုယ်ပိုင်စိတ်ကောင်းလေးတွေ လိုလာတယ်။

ကိုယ်ပိုင်စိတ်ကောင်းဆိုတာ သဒ္ဓါတရားက ဖော်ထုတ်ပေးတဲ့ မြင့်မြတ်စင်ကြယ်သော စိတ်ကလေးကို ကိုယ်ပိုင်စိတ်လို့ခေါ်တယ်။

ကိုယ်ပိုင်စွမ်းအားပေါ်လာအောင် ဖော်ထုတ်နိုင်တဲ့ စိတ်ကောင်း စိတ်မြတ်လေးတွေ ပေါ်လာအောင် သဒ္ဓါတရားက ဖော်ထုတ်တယ်။

သဒ္ဓါတရားကဖော်ထုတ်ပေးတဲ့ စိတ်ကောင်း ပေါ်လာရင် ကိုယ်ပိုင်အလုပ်ကို ကောင်းလုပ်ဖြစ်တယ်၊ သဒ္ဓါနဲ့ပညာ တွဲမိသွားရင် ကိုယ်ပိုင်အလုပ်တွေချည်း ဖြစ်တော့တာပဲ။

❋ ❋ ❋

# ကိုယ်ပိုင် (၄)ခု

ကိုယ်ပိုင်ဆိုတာ (၄)ခုရှိတယ်၊ (၁) ဒါန၊ (၂)သီလ၊ (၃)သမာဓိ၊ (၄)ဝိပဿနာတို့ပဲ။

(၁) **ဒါန**

စိုက်ပျိုးရေးပုံစံနဲ့ကြည့်လိုက်ရင် ဒါနဟာ ကိုယ်ပိုင်ပဲ၊ ဒါနသည် ကိုယ့်အတွက်လဲ အတိုးအာမခံ စိတ်ချရတယ်၊ သာသနာအတွက်လဲ အကျိုးများတယ်၊ သာသနာမကွယ်ပျောက်အောင် ထိန်းထားနိုင်တဲ့ သတ္တိရှိတယ်။

(၂) **သီလ**

သီလလဲ ကိုယ်ပိုင်ပဲ။

(၃) **သမာဓိ**

စိတ်ကို ပွတ်တိုက်ချေးချွတ် ဆေးကြောလျှော်ဖွတ်သန့်စင်ပေးတဲ့ သမာဓိ (သမထလို့လဲ ခေါ်တယ်) သူလဲ ကိုယ်ပိုင်ပဲ။

(၄) **ဝိပဿနာ**

ရုပ်နာမ်ခန္ဓာအရှိ ဉာဏ်နဲ့မြင်အောင်ကြည့်ပြီး စိတ်နဲ့အပူခွာ, ခွာပေးတဲ့ ဝိပဿနာလဲ ကိုယ်ပိုင်ပဲ၊ အဲဒီ(၄)ခုက ကိုယ်ပိုင်၊ သမထနဲ့ ဝိပဿနာ၊ သမာဓိနဲ့ ဝိပဿနာ နှစ်ပါးပေါင်းရင် ဘာဝနာလို့ ခေါ်တယ်၊ ဒါတွေဟာ ကိုယ်ပိုင်တွေချည်းပဲ။

❁ ❁ ❁

# ကိုယ်ပိုင်ရဲ့သဘော

ကိုယ်ပိုင်ဆိုရင်--

(၁) နောက်က အချိန်ကန့်သတ်ချက်မပါပါ၊

(၂) ဘယ်သူ့ထံမှလဲ မျက်နှာငယ်လေးနဲ့ ပြန်အပ်စရာမလိုပါ၊ ကိုယ်ရတာ ကိုယ်ယူသွားပါ၊ နိဗ္ဗာန်ရောက်သည်အထိ တောက်လျှောက် သာ ယူသွားပါတော့၊

(၃) ကိုယ်ပိုင်ဆိုတာ ကိုယ့်ကို အငိုတိတ်အောင်၊ အကြောက်ပြေအောင်၊ အပူငြိမ်းအောင်၊ သတ္တိရှိအောင်၊ လုံးဝအာမခံ တာဝန်ယူတယ်၊ အဲသလိုဆိုရင် ကိုယ်ပိုင်ရအောင် ယူကြရမယ်။

မောင်ငြိမ်းချမ်းဆိုတဲ့ အမျိုးသားလေး ကိုယ်ပိုင်ရအောင် လိမ်မာပါးနပ်စွာ ယူနေပါတယ်။

❁ ❁ ❁

# ဘဝတစ်ခုရလာပြီဆိုရင်

ဘဝတစ်ခုရလာပြီဆိုရင်–

(၁) ပစ္စုပ္ပန်မှာ ဘာနဲ့ပဲတွေ့တွေ့ တွေ့သမျှ အာရုံနဲ့ အဆင်ပြေအောင်၊ တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေတတ်ရမယ်၊

(၂) မိမိရဲ့ ကိုယ်အားဉာဏ်အား ပစ္စည်းအားဖြင့် မိမိ, သူတစ်ပါး, လောက, သာသနာ စွမ်းနိုင်ရာဘက်မှာ သဒ္ဓါ, ပညာ, မေတ္တာအားဖြင့် အလှုတန်ဆာဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြု ဘဝမှတ်တိုင် ကျန်ခဲ့ရမယ်။

(၃) ဘဝလေးတစ်ခု ရလာပြီဆိုရင် နောက်က ကန့်သတ်ချက်လေးပါနေတယ်၊ ဒီကန့်သတ်ချက်က ကိုယ့်စိတ်ကြိုက်ကန့်သတ်လို့ ရတာလဲ မဟုတ်၊ ဆွေမျိုးတွေက ကန့်သတ်ပေးလို့ ဖြစ်တာလဲမဟုတ်၊ အာဏာပိုင်ပုဂ္ဂိုလ်တွေက ကန့်သတ်

ပေးလို့ ဖြစ်တာလဲမဟုတ်ဖူး၊ သူ့ဟာနဲ့သူ တရားသဘောအားဖြင့် ကန့်သတ်ထားဟာ။

အဲဒီဘဝကန့်သတ်ချက်ဆိုတာ 'မရဏ'ကို ပြောတာ၊ အဲဒီမရဏဆိုတဲ့ တရားလေး ကန့်သတ်ပြန်တော့လဲပဲ လက်ရှိကျန်ခဲ့တဲ့ သက်မဲ့သက်ရှိတွေ အပေါ်မှာလဲ တွယ်တာစွဲလမ်း၊ ကပ်ငြိ အမျှင်တန်းခြင်းမရှိ၊

"အော်--ဒါတွေဟာ ဆိုင်ရုံသာဆိုင်တာလေ၊ တစ်ဘဝ ဆိုင်ခွင့်ရတာ၊ ပိုင်တာမှမဟုတ်ပဲ၊ ငါနဲ့ဆိုင်တာ ဒီလောက်ပဲ" ဆိုပြီးတော့ သူ့အပေါ်မှာ အမျှင်တန်းခြင်း၊ တွယ်တာစွဲလမ်းခြင်း မရှိပဲနဲ့ စွန့်လွှတ်နိုင်ရမယ်။

အဝိဇ္ဇာ တဏှာဆိုတဲ့ သံသရာကြိုးနှစ်ချောင်း မပြတ်သေးလို့ ဘဝခရီးဆက်ရဦးမယ်ဆိုရင်တော့ ဘဝအကူးအတွက်လဲပဲ စိုးရိမ်ထိတ်လန့်၊ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ၊ စွမ်းအားပြည့်ပြည့်နဲ့ ဘဝကူးနိုင်တယ်။

နောက်ဆုံးတော့ ဘဝလွတ်မြောက်ရေးအထိ တိကျလေးနက်တဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက် ထားဖို့လိုတယ်။

ဤ(၃)ခုပြည့်စုံမှ ဘဝအနှစ်ဆိုတာ ပေါ်လာမှာ၊ အဲဒီ(၃)ခုမှ မရဘူးဆိုရင်တော့ ရလိုက်, စားလိုက်၊ စားလိုက်,ကုန်လိုက်၊ ကုန်လိုက်, ရှာလိုက်၊ ရှာလိုက်,ရလိုက်နဲ့ ကုန်တာပဲပြောစရာရှိတယ်၊ နောက်ဆုံး မောတာပဲအဖတ်တင်တယ်၊ ဘာမှ လက်ဆုပ်လက်ကိုင် စိတ်အေးစရာ ပြစရာမရှိဘူးဆိုရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ ဘာကိုမှ အဓိပ္ပာယ်မရှိပါ၊ အဓိပ္ပာယ်ကင်းမဲ့သော လူ့ဘဝကြီးသာ ဖြစ်သွားမယ်။

❁ ❁ ❁

# အဓိပ္ပာယ်ရှိသောလူ့ဘဝဆိုသည်မှာ

လောလောဆယ် ရွှေရှိတယ်ပြောပြော ပြောချင်ရာပြော ကိုယ်ပိုင်တရားမရှိသေးရင် အဓိပ္ပာယ်မရှိပါဘူး။

လောလောဆယ် ဆွေမျိုးတွေဘယ်လောက်ပေါတယ် ပြောချင်ပြော၊ ကိုယ်ပိုင်တရားမရှိသေးရင် အဓိပ္ပာယ်ကင်းမဲ့သော လူ့ဘဝသာ ဖြစ်သွားမယ်။

လောလောဆယ် ဘယ်လိုရာထူးတွေရှိတယ် ပြောပြောကိုင်ပိုင်တရားမရှိသေးရင် အဓိပ္ပာယ်ရှိမှာ မဟုတ်ပါဘူး။

ဒါကြောင့် အဓိပ္ပာယ်ရှိတဲ့ လူ့ဘဝဆိုရင် ကိုယ်ပိုင်တရားတွေ ရအောင်ယူဖို့လိုတယ်၊ အဲသလို ဆိုရင်

* **ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းရမည်၊**

အမှောင်ကင်းဆိုတာ ပညာပဇ္ဇောတကိုပြောတာ၊ ပစ္စုပ္ပန်မှာ စိတ်ချမ်းသာအောင်နေတတ်တယ်၊ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင် နေတတ်ဖို့ ဆိုရင် ပညာအလင်းရောင် တရားစွမ်းအားတွေ လိမ်မာပါးနပ်စွာ ယူတတ်ဖို့လိုတယ်၊ ပစ္စုပ္ပန်ကို တန်ဖိုးထားတတ်ဖို့လိုတယ်။

* **ကိုယ်အားဉာဏ်အား၊ ပစ္စည်းအား၊ အများလှအောင်ဆင်ရမည်၊**

မိမိရဲ့ ကိုယ်အားဉာဏ်အား ပစ္စည်းအားတွေဖြင့် မိမိ, သူတစ်ပါး, လောကသာသနာ, အလှတန်ဆာဆင်ပေးနိုင်ရမယ်။

*** ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်၊**

ဘဝတစ်ခုနဲ့တစ်ခု ကူးပြန်တော့လဲ လက်ရှိကျန်ခဲ့တဲ့အပေါ်မှာ တွယ်တာစွဲလမ်း အမျှင်တန်းခြင်းမရှိ၊ အမျှင်တန်းလန်းဖြစ်နေလဲ သတိကထိန်းသွားတတ်တာ၊ ကျန်ခဲ့တဲ့ သက်မဲ့သက်ရှိတွေအပေါ် အမျှင်မပြတ်ဖူးဆိုရင် အဲဒီမှာသွားပြီးဘဝတိမ်းသွားတတ်ပါတယ်။

ဒါကြောင့် အဲဒီဘဝကူးမှာ အပူဝေးအောင်၊ အပူငြိမ်းအောင်၊ စိတ်အေးရအောင်ဆိုရင် ကိုယ်ပိုင်လိုတယ်၊ ကိုယ်ပိုင်တရားရှိနေမယ်ဆိုရင် စိတ်အေးရပြီးသားပါ။

နောက်ဘဝသံသရာအတွက် နောက်ရလာလတ္တံ့ ဘဝအတွက်လဲ စိတ်အေးရပြီးသားပါ၊ နောက်ဆုံး ဘဝလွတ်မြောက်ရေးအထိ တိကျတဲ့ စွမ်းအားကို ယူနိုင်ပါတယ်။

*** ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်၊**

*** တရားသုံးပါး၊ လူ့စွမ်းအား၊**
**ခန့်ညားထည်ဝါသည်၊**

အဲဒီ(၃)ပါးရှိမှ လူဟာ စွမ်းအားနဲ့ပြည့်စုံတယ်၊ ခန့်ညားတယ်၊ ထည်ဝါတယ်၊ ဒါကြောင့်ယခု မုံရွာပဥ္စောတာရုံ ဆရာတော်ဘုရားကြီးဆိုတာ

အတိတ်ဘုန်းကံဂုဏ် အင်မတန်ကြီးမားတယ်၊ ပစ္စုပ္ပန်မှာလဲ ပညာအရည်အချင်း၊ စိတ်နေစိတ်ထား၊ အကုန်လုံးပြည့်စုံတယ်။

သာသနာစိတ် အလွန်ပြည့်စုံတယ်၊ ပြည့်စုံသလောက်လဲပဲ အသုံးချတယ်၊ သာသနာစောင့်ထိန်းခြင်းအလုပ်တွေ လုပ်တယ်၊ ဒါကြောင့် ဤ(၃)ချက် အလွန်ပြည့်စုံတယ်။

ဤ(၃)ချက် အကုန်ပြည့်စုံလို့လဲ စွမ်းအားတွေရနေတာပေါ့၊ ဝမ်းမြောက်ဝမ်းသာ ပူဇော်ပြီးနေကြတော့လဲ တရားစွမ်းအားတွေလဲ အများကြီးရနေကြတာပေါ့။

- **ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊**
  **တရားဆောင်၊ အမှောင်ကင်းရမည်၊**
- **ကိုယ်အားဉာဏ်အား၊ ပစ္စည်းအား၊**
  **အများလှအောင်ဆင်ရမည်၊**
- **ဘဝကူးရေး၊ အပူဆေး၊ စိတ်အေးနိုင်ရမည်၊**
- **တရားသုံးပါး၊ လူ့စွမ်းအား၊**
  **ခန့်ညားထည်ဝါသည်၊**

❋ ❋ ❋

# ပစ္စုပ္ပန်သေချာပြီဆိုရင်

ဒါကြောင့် တရားစွမ်းအားနဲ့ပြည့်စုံတယ် ဆိုရင် ပစ္စုပ္ပန်မှာလဲ ထည်ဝါတာပဲ၊ ခန့်ညားတာပဲ၊ ချမ်းသာအောင်နေတတ်တာပဲ။

ပစ္စုပ္ပန်မှာသေချာပြီဆိုရင် နောင်ရေး ဘာမှ ပူစရာမလိုပါဘူး၊ နောင်ရေးတွေးပူရတာက ပစ္စုပ္ပန် မသေချာကြလို့ပါ။

ဒါကြောင့် သမ္မာဒိဋ္ဌိခေါင်းတွဲနဲ့ ချိတ်ဆက် မိပြီဖြစ်တဲ့ ကိုယ့်ရဲ့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး၊ မီးရထားကုန်တင်တွဲကြီးတွေ၊ လူစီးတွဲ ကြီးတွေဟာ ပူဖို့မလိုတော့ပါဘူး၊ မီးရထားသံလမ်း နဲ့ အလိုက်သင့် သိက္ခာသုံးပါးလမ်းကြောင်း အတိုင်း၊ မဂ္ဂင်လမ်းကြောင်းကနေ နိဗ္ဗာန်အရောက်

သယ်ဆောင်ပြီးသွားနိုင်တဲ့ ကိုယ်ပိုင်စွမ်းအားကြီးတွေ ဖြစ်သွားမှာပါ၊ ဒါကြောင့် တရားစွမ်းအားကို ယူနေကြတယ်။

❁ ❁ ❁

# အဝိဇ္ဇာနှင့်တဏှာတို့၏ မသိ, မရှိ ဆွေးနွေးခန်း

အဝိဇ္ဇာနဲ့တဏှာဟာ သံသရာမှာဆုံကြသည် ၌ အချင်းချင်း မေးမြန်းကြတယ်၊ အဝိဇ္ဇာကို တဏှာက မေးတယ်။

"ဒုက္ခလွတ်တဲ့နေရာ ဘယ်နေရာတုန်း"

"မသိဘူးဗျ" (သူ အမှန်လဲဘာမှမသိဘူး လေ)

"ဒုက္ခလွတ်အောင်၊ ချမ်းသာအောင် ဘယ် လမ်းက သွားမှာတုန်းဗျ"

"ဟာ– ဒါလဲမသိဘူးဗျ"

"ဒုက္ခလွတ်အောင်၊ ချမ်းသာအောင် ဘာတွေ လုပ်ရမှာတုန်းဗျ"

"ဒါလဲမသိဘူးဗျ"

အမှန်တရားဆိုရင် အဝိဇ္ဇာဆိုတဲ့ မောဟက ဘာမှမသိပါဘူး၊ မှားယွင်းနေတဲ့ အသိတွေကိုသာ သူသိတယ်၊ မှန်ကန်တဲ့အသိ ဘာတစ်ခုမှမသိ၊ ချမ်းသာရကြောင်း၊ ဒုက္ခလွတ်ကြောင်း၊ လမ်းကောင်း လမ်းမှန် ဘာတစ်ခုမှမသိ၊ ဒါကြောင့် သူ့အဖြေက မသိချည်းပဲပေးတယ်။

အဝိဇ္ဇာက တဏှာကို ပြန်မေးတယ်။

"ဟေ့–တဏှာလောဘ၊ မင်းရဲ့အလိုဆန္ဒက ဘယ်အချိန်၊ ဘယ်နေရာရောက်တော့ ပြီးပြည့်စုံမှာတုန်းကွ"

"မရှိဘူးဗျ"

"ဘယ်နေရာရောက်တော့ ပြီးမှာတုန်း"

"မရှိဘူးဗျ၊ ပြီးမယ့်နေရာမရှိဘူး"

"ဘယ်အချိန်ကျတော့ ပြီးမှာတုန်း"

"ဟာ–ပြီးမယ့်အချိန်လဲ မရှိဘူးဗျ"

တဏှာဆိုတဲ့ လောဘက မရှိ, မရှိလို့ အဖြေပေးတယ်၊ အဝိဇ္ဇာဆိုတဲ့ မောဟ (ဉက္ကဋ္ဌကြီး)က မသိ,မသိလို့ အဖြေပေးတယ်။

အဲသလို မသိနဲ့မရှိ ကြိုးနှစ်ချောင်း သံသရာမှာ ရှုပ်နေတာပေါ့၊ သံသရာဝဋ်ဆိုတာ သူတို့နှစ်ပါးပဲ၊ သံသရာမှာ ကြိုးကိုင်နေတာ သူတို့နှစ်ပါးပဲ၊ ကျန်တဲ့ကိလေသာအကုန်လုံး ဒီနှစ်ပါးက မြစ်ဖျားခံတာ။

မသိနဲ့ မရှိဆိုတဲ့ကြိုးနှစ်ချောင်းရှုပ်နေလို့ သတ္တဝါတွေ ယောက်ရက်ခတ် ဒုက္ခရောက်နေကြရတာတွေ၊ ရှေ့သွားတယ်လဲပြောသေး ရောက်တော့ နောက်ပြန်ရောက်နေတယ်၊ ပြောတော့လဲ အထက်ကိုသွားမယ်တဲ့၊ သူ့ကြည့်တော့ အောက်မှာ ကျွမ်းထိုးမှောက်ခုန်ကြီး ဖြစ်နေတယ်။

ပြောတော့ ချမ်းသာချင်တယ်လို့ပြောတယ်၊ ပြီးတော့ ပူလောင်ချောက်ခြား၊ ဆင်းရဲဒုက္ခရောက်စေနိုင်တာတွေကို သွားလုပ်နေတယ်၊ အဲဒီမသိနဲ့မရှိ ကြိုးနှစ်ချောင်းပြတ်ဖို့ဆိုရင် ပညာပဇ္ဇောတ ပညာအလင်းရောင်လိုတယ်။

ဒါကြောင့် ဇတံဇသော၊ ပညာပဇ္ဇောတော၊ ဤပညာတည်းဟူသော အလင်းရောင်သည်၊ အဂ္ဂအဂ္ဂေါ–အသာဆုံး၊ အလွန်ဆုံး၊ အမွန်ဆုံးသည့်၊

ဟောတိ-ပညာလမ်းပြ၊ လူ့အလှဟု၊ မုချမသွေ ဖြစ်ရပါပေသတည်း။

❁ ❁ ❁

# ဘဝခရီးရှင်းရှင်းလေးသွားတတ်ဖို့

ဒါကြောင့် မောင်ငြိမ်းချမ်းဆိုတဲ့ အမျိုးသားလေး သမ္မာဒိဋ္ဌိခေါ်တဲ့ ပညာအလင်းရောင်ခေါင်းတွဲနဲ့ သူနေ့စဉ်လုပ်နေတဲ့ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးအလုပ်တွေဆိုတဲ့ ရထားတွဲကြီး ချိတ်မိသွားပြီ။

ဘဝခရီးမှာ ရှင်းရှင်းလေးသွားတတ်ပြီ၊ ဘဝလမ်းကြောင်းလေး ဖြောင့်အောင်သွားတတ်ပြီ၊ သဒ္ဓါတရားလဲကောင်း၊ ဉာဏ်မျက်စိလဲပွင့်ဆိုတော့ လာဘ်မြင်တာပေါ့လေ။

မိသားစုတာဝန်ထမ်းရတာ ဒါနပုံစံနဲ့ ထမ်းတတ်တယ်၊ သီလပုံစံနဲ့ ထမ်းဆောင်တတ်တယ်၊ သမာဓိပုံစံနဲ့ ထမ်းဆောင်တတ်တယ်၊ ဝိပဿနာပုံစံလေးနဲ့ အမြတ်ထုတ်တတ်လာတယ်။

တရားစွမ်းအားကို ရအောင်ယူ၊ ယူသမျှအကုန်လုံးကိုလဲ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ

နိဗ္ဗာန်အထိ ကြိုးစားအားထုတ်တယ်၊ ကိုယ်ပိုင် တရားတွေယူတယ်။

"အော်-- ငါ့လက်ထဲမှာ ရှိတာအကုန် အငှားတွေချည်းနော်၊ ဟောဒီခန္ဓာကိုယ်ကြီးလဲ အငှားပဲ၊ ငါကြိုးကြိုးစားစား ရှာဖွေထားတဲ့ ပစ္စည်းတွေလဲ အငှားတွေချည်းပဲပေါ့၊ ငါ့ဆွေမျိုးတွေလဲ အငှားတွေပဲ၊ ဒီလိုဆိုရင် ကိုယ်ပိုင်လိုတာပဲ၊ ကိုယ်ပိုင် ရဖို့ဆိုရင် ကိုယ်ပိုင်စိတ်ကောင်းလေးတွေလိုတယ်၊ ကိုယ်ပိုင်စိတ်ကောင်းလေး ဖော်ထုတ်ပေးနိုင်မှ ကိုယ်ပိုင်တရားဆိုတာရမယ်၊ ကိုယ်ပိုင်ရရင် စိတ်အေးရပြီ"

ဒါကြောင့် မောင်ငြိမ်းချမ်းဟာ ကိုယ်ပိုင် တရားတွေရအောင် အိမ်ထဲမှာနေရင်း ကြိုးကြိုးစားစား ပြုလုပ်အားထုတ်တယ်၊ (ကိုယ်ပိုင်ရှိရင် စိတ်အေးရပြီဆိုတာသိလို့)

❋ ❋ ❋

# ဒါနမှု၊ ဒါနစစ်စစ်

သီလ, သမာဓိ, ပညာ, အလွန်အားကောင်းတဲ့ ဆရာတော်ကြီးတစ်ပါးထံကို ကျောင်းအစ်မကြီးတစ်ယောက်က တစ်ချိန်တော့ အသစ်စက်စက်ကော်ဇောတစ်ထည်လာလှူတယ်၊ လှူတဲ့အခါမှာ စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်းပြီးတော့ ဒါနမှုအတိုင်းပဲ ဒါနစစ်စစ် ဖြစ်အောင်လှူပါတယ်။

ဒါနမှုဆိုတာ–

(၁) နိဗ္ဗာန်ရည်မှန်းချက်ထားရမယ်၊ ဒုက္ခလွတ်တဲ့နေရာက ဒီတစ်နေရာထဲရှိတာ ဖြစ်လို့ပါ၊

(၂) ဉာဏ်ဦးဆောင်ရမယ်၊ ရှိလို့လှူတာမဟုတ်ဖူး၊ သိလို့လှူတာဖြစ်ရမယ်၊ ရှိအလှူ, သိအလှူနှစ်မျိုးမှာ သိအလှူပဲဖြစ်ရမယ်၊ ရှိဖို့နဲ့ သိဖို့မှာ သိဖို့ကို ပဓာနထားရမယ်၊

ကံအရှိ၊ ခန္ဓာအရှိ၊ ရုပ်နာမ်အရှိ၊ သစ္စာအရှိ တွေအထိ သိနိုင်တဲ့ ဉာဏ်ဒေသနာမှာလာတဲ့ ပညာ ပဇ္ဇောတ၊ ပညာအလင်းရောင်လမ်းဆုံး အထိရဖို့ ဉာဏ်နဲ့ဦးဆောင်ရမယ်။

(၃) ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ကြီးလှူရ မယ်၊ အလှူတစ်ခုလုပ်တဲ့အခါ ဝမ်းသာဖို့ ပျော်ဖို့ ကလဲ တော်တော်အရေးကြီးတယ်၊

(၄) တက်တက်ကြွကြွ၊ ထက်ထက်သန်သန် အောင်ပွဲတစ်ခုရလိုက်သလို လှူရမယ်၊ အလှူလုပ် တာ အောင်ပွဲပဲ၊ ကိုယ့်စိတ်ကိုအနိုင်ယူတာ၊ လောဘ မစ္ဆေရ၊ အတွင်းရန်တွေကိုအနိုင်ယူတာ၊ ရန်သူ မျိုးငါးပါးထက် ကိုယ်က လက်ဦးပြီးတော့ အနိုင် ယူလိုက်တာ။

ဒါကြောင့် လောကမှာ အနိုင်ယူရတဲ့အောင်ပွဲ မှန်သမျှတို့တွင် ကိုယ့်ကို အနိုင်ယူရတဲ့ အောင်ပွဲ သည် အမြင့်မြတ်ဆုံး၊ ကိုယ့်ကိုကိုယ်နိုင်မှ သုဂတိ ရောက်ကြမှာပေါ့၊ ချမ်းသာရကြမှာပေါ့၊ ဆင်းရဲ လွတ်ကြမှာပေါ့။

❁ ❁ ❁

# ကိုယ့်ကိုကိုယ်အရှုံးပေးရင် နစ်နာတယ်

အပြန်အားဖြင့် လောကမှာ အရှုံးပေးရတဲ့ ရှုံးပွဲမှန်သမျှမှာ ကိုယ့်ကိုကိုယ်အရှုံးပေးရတဲ့ ရှုံးပွဲသည် အနစ်နာဆုံးပါ၊ သူများတွေကို အရှုံးပေးလို့ အပါယ်မရောက်ပါဘူး၊ ကိုယ့်ဟာကိုယ်အရှုံးပေးမှ အပါယ်ရောက်တာ၊ အောက်ကျနောက်ကျဖြစ်တာ။

ဒါနလုပ်နိုင်ရဲ့သားနဲ့ ဒါနမလုပ်တော့ပါဘူးလို့ အရှုံးပေးလိုက်ရင် အောက်ကျနောက်ကျဖြစ်သွားမယ်ပေါ့၊ သီလကျင့်သုံးနိုင်ပါရဲ့သားနဲ့ သီလမကျင့်သုံးတော့ဘူး၊ သီလကို ငါအပျက်ခံလိုက်မယ်ဆိုရင်တော့ အပါယ်ရောက်ရမယ်၊ ဆင်းရဲရမယ်ပေါ့၊ (ကိုယ့်ကိုကိုယ် အရှုံးပေးလိုက်တာ)။

သမာဓိ, ပညာဆိုတဲ့ ဘာဝနာတရားအား ထုတ်ဖို့ အခြေအနေပေးထားပါရဲ့သားနဲ့ ငါတော့ အားမထုတ်နိုင်ဘူးလို့ အရှုံးပေးလိုက်ရင် အပူတွေ လာမှာပေါ့၊ ချမ်းသာတွေ လက်လွှတ်ကုန်မှာပေါ့။

ဒါကြောင့် လောကမှာ အရှုံးပေးရတဲ့ ရှုံးပွဲ မှန်သမျှတွင် ကိုယ့်ဟာကိုယ် အရှုံးပေးရတာ အနစ်နာဆုံး၊ ဒါကြောင့် အလှူလုပ်တဲ့အခါမှာ ကိုယ့်ဟာကိုယ် အနိုင်ယူတဲ့ အောင်ပွဲတစ်ခုရလိုက် သလို လှူရမယ်။

(၅) သိက္ခာသုံးပါး လမ်းကြောင်းရှင်းပြီး ကာမှ လှူတဲ့၊ ဒုက္ခထွက်ပေါက်က ဒီတစ်ပေါက်ထဲ ရှိတာ ကလား၊ အိုတာ, နာတာ, သေတာ, ငိုတာ, ပူဆွေးတာ စတဲ့ ဆင်းရဲဒုက္ခအားလုံးက လွတ်နိုင်တဲ့ ဒုက္ခထွက်ပေါက်က ဒီတစ်ပေါက်ထဲရှိတာ။

သိက္ခာသုံးပါးလို့ပဲခေါ်ခေါ်၊ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းကြောင်းလို့ပဲခေါ်ခေါ် ချဲ့ လိုက်တော့ မဂ္ဂင်ရှစ်ပါးလို့ပဲခေါ်ခေါ်၊ ဝိဝဋ္ဋနိဿိတ ကောင်းမှုလမ်းကြောင်းလို့ပဲခေါ်ခေါ်ပေါ့၊

အဲဒီဒုက္ခထွက်ပေါက်ကို ရှင်းပြီးမှ လှူပါတဲ့။

(၆) အပူကင်းတဲ့စိတ်နဲ့လှူပါ။

အဲဒီဒါနမှု(၆)ချက်အတိုင်း ကော်ဇောအခင်းကို ဆရာတော်ကြီးထံ ဝမ်းသာအာရနဲ့ ငါတော့ ဒါနအစစ်ရပြီဟဲ့လို့ ဆိုပြီးတော့ လှူလိုက်ပါတယ်။

❁ ❁ ❁

## ပစ္စည်းဆိုတာ ကိုယ်ကလက်ဦးမှ

အလှူခံထားလိုက်တော့ ပစ္စည်းဆိုတာ ကိုယ်ကလက်ဦးမှ၊ ကိုယ်ပိုင်တရားဆိုတာ ခပ်မြန်မြန်ရမယ်လေ၊ ဒီတော့ သတိဝီရိယ ကြီးစွာထားပြီးတော့ ဆရာတော်ဘုရားကြီးက ကော်ဇောကိုခေါက်ပြီး သိမ်းမထားပါဘူး၊ ချက်ချင်းခင်းပြီးတော့ အသုံးချလိုက်တယ်။

အလှူရှင်မှာလဲအကျိုးများအောင် ကိုယ်လဲပဲ ပစ္စည်းကိုအကြောင်းပြုပြီး အနှစ်သာရ ခပ်မြန်မြန်ရအောင်ဆိုပြီး ချက်ချင်းခင်းအသုံးပြုတာ။

အသုံးပြုရင်းနဲ့ သီလ, သမာဓိ, ပညာ, တရားစွမ်းအားတွေ ဖြည့်ကျင့်ကြိုးစား အားထုတ်တယ်။

နောက်နေ့မနက်ရောက်တော့ ဆရာတော်ဘုရားကြီးက ကိစ္စရှိလို့ ကျောင်းအပြင်ဖက် ခေတ္တထွက်နေချိန်၊ ကျောင်းတံခါးကို ပိတ် မထားမိဘူး၊ သူခိုးက ကျောင်းထဲဝင်ပါရော။

ခင်းထားတဲ့ ကော်ဇောအသစ်စက်စက်ကို တွေ့တော့ ချက်ချင်း ရုပ်ပြီး ခေါက်သိမ်း ခိုးပြေးပါရော။

သူခိုးခပ်လှမ်းလှမ်းရောက်မှ ဆရာတော်ကြီးက လှမ်းမြင်လိုက်တယ်၊ "ဩော်–ကော်ဇော သူခိုးခိုးသွားပြီပဲ"၊ ဒါပေမယ့် ဘာမှမပြောလိုက်ဖူး။

တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ ဒီအချိန်မှာ ကော်ဇော အလှူရှင် ကျောင်းအမကြီးက ကျောင်းကိုရောက်လာပြန်တယ်၊ ကျောင်းထဲမှာသူလှူထားတဲ့ ကော်ဇောမတွေ့တော့ဘူး၊ မတွေ့တာနဲ့ ဆရာတော်ကြီးကို လျှောက်တယ်။

❁ ❁ ❁

# သူ့ဟာသူယူ ဘာပူဖို့လိုသေးလဲ

"ဆရာတော်ဘုရား မနေ့က တပည့်တော်မ လှူခဲ့တဲ့ ကော်ဇော ဘယ်ရောက်သွားပြီလဲဘုရား"

"သူ့ဟာသူယူသွားပြီဗျ၊ ဒကာမကြီးဟာလဲ ပါမသွားဘူး၊ ဘုန်းကြီးဟာလဲ ပါမသွားဘူး၊ ကိုယ့်ဟာမှပါမသွားတာပဲ၊ သူ့ဟာသူယူတာ ဘာပူဖို့လိုသေးလဲ"

စကားလေးက ရိုးရိုးလေးနဲ့ အလွန်ရှင်းတယ်၊ တရားအနှစ် အလွန်ပြည့်ဝတယ်၊ ပစ္စည်းနဲ့ ဒုက္ခ

ရောက်နေကြတဲ့ ပုဂ္ဂိုလ်များအတွက်လဲ ငြိမ်းအေး သွားစေနိုင်တဲ့ စကားလေးဖြစ်တယ်။

"သူ့ဟာသူယူသွားပြီဗျ၊ ဒကာမကြီးဟာလဲ ပါမသွားဘူး၊ ဒကာမကြီးဆီမှာ ကျန်ခဲ့တယ်ဗျ၊ ဘုန်းကြီးဟာလဲပါမသွားဘူး၊ ဘုန်းကြီးဆီမှာ ကျန်ခဲ့တယ်ဗျ၊ ကိုယ့်ဟာမှပါမသွားပဲ၊ သူ့ဟာသူ ယူတာ ဘာပူဖို့လိုသေးလဲ"

ဒကာမကြီးဟာ မပါဘူးဆိုတာက မနေ့ကပဲ ဒကာမကြီးက ဒိကော်ဇောကို စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်းပြီးတော့ ဒါနစစ်စစ်ဖြစ်အောင် လှူခဲ့ပြီ၊ အဲဒီဒါနဟာ ကိုယ်ပိုင်၊ သူခိုးခိုးသွားတဲ့ ထဲ ပါမသွားဘူး၊ ဒကာမကြီးဒါန ပါမသွား ဘူးလို့ ပြောတာ။

ဘုန်းကြီးဟာလဲ မပါဘူးဆိုတာ ဘုန်းကြီးက လဲ လိမ်မာပါးနပ်စွာနဲ့ ဒိကော်ဇောကို ချက်ချင်းခင်း ပြီး အသုံးချလိုက်တယ်၊ အသုံးချနေစဉ်မှာ ဖြည့် ကျင့်တဲ့ သီလ, သမာဓိ, ပညာ, တရားစွမ်းအား တွေရော၊ တစ်သက်လုံးဖြည့်ကျင့်ကြိုးစားခဲ့တဲ့ သီလ, သမာဓိ, ပညာ, တရားစွမ်းအားတွေဟာ ကိုယ်ပိုင်တွေ၊ အခု သူခိုးခိုးသွားတဲ့အထဲမှာ

ဘုန်းကြီးရဲ့ ကိုယ်ပိုင်တရားတွေ ပါမသွားဘူးလို့ ပြောတာ။

"ကော်ဇောကတော့ ဒကာမကြီးလက်ထဲ ရှိတုန်း ဒကာမကြီးကော်ဇောပေါ့၊ ဘုန်းကြီးလက်ထဲ ရောက်တော့ ဘုန်းကြီးရဲ့ကော်ဇောပေါ့၊ ဒါဟာ စကားအနေနဲ့ပြောကြတာပဲ၊ အခုသူခိုးလက်ထဲ ရောက်သွားတော့၊ သူခိုးရဲ့ကော်ဇော ဖြစ်သွားပြီ လေ၊

ပစ္စည်းဆိုတာ ဘုံဆိုင်ပဲ၊ ကိုယ်ပိုင်မှမဟုတ်ပဲ၊ ကိုယ့်လက်ထဲနေတုန်း ကိုယ့်ဟာလို့ပြောလိုက် တာပဲ၊ သူ့လက်ထဲရောက်တော့ သူ့ဟာလို့ပြော လိုက် တာပဲ၊ အခု သူ့လက်ထဲရောက်သွားတော့ သူ့ဟာပေါ့၊ ကိုယ်ပိုင်ကျန်ကြပြီပဲ၊ သူ့ဟာသူယူတာ ဘာပူဖို့လိုသေးလဲ"

အဲသလိုဖြင့် ကိုယ့်အိမ်ထဲမှာ ပစ္စည်းလေးတွေ အထားအသိမလုံခြုံလို့ သူခိုးများခိုးခဲ့ရင် "ဩော် သူ့ဟာသူယူသွားပြီပဲ၊ ငါ့ဟာမှပါမသွားပဲလေ၊ ဘာပူဖို့လိုသေးလဲ" စိတ်ထားနိုင်ရင် စိတ်မပူရဘူး။

ဒီနေရာမှာ တရားမျက်လုံး ပညာပဇ္ဇောတ၊ ပညာအလင်းရောင်ကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့

ပစ္စည်းပျောက်မှုကို အကြောင်းပြုပြီး နိဗ္ဗာန်ရောက် ကြောင်းဖြစ်သွားတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ နောက် ဆက်တွဲလေးတွေ အမြတ်ပေါ်လာတယ်။

❋ ❋ ❋

# ပညာအလင်းရောင်ပြောင်းပေးတယ်

ငါ့ဟာပါမသွားဘူးဆိုတာက နေ့စဉ် ဘုရားဆွမ်းတော်ကပ်၊ ပန်းကပ်၊ ရေကပ် စသည်ဖြင့် ဒါနလုပ်ရတာတွေ၊ နေ့တိုင်းကျင့်သုံးတဲ့ သီလ, သမာဓိ, ပညာ, ဖြည့်ကျင့်ကြိုးစား အားထုတ်တဲ့ တရားစွမ်းအားတွေ ဒါတွေ သူခိုးခိုးတဲ့ထဲ ပါမသွားဘူးလို့ဆိုလိုတာ။

ပညာအလင်းရောင်ကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့ ပစ္စည်းပျောက်တဲ့နောက်လိုက်ပြီး စိတ်တွေယောက်ရက်ခတ်မနေတော့ဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာသဘော အမြတ်ထုတ်တတ်လာတယ်၊ နောက်က ပညာအလင်းရောင်ပြောင်းပေးတော့ စိတ်ထဲမှာ ငြိမ်းချမ်းသွားတယ်။

ပညာအလင်းရောင် အားမကောင်းတဲ့ပုဂ္ဂိုလ်ကျတော့ အဲဒီပစ္စည်းပျောက်မှုကို အကြောင်းပြုပြီး နောက်ထပ် ဆင်းရဲဒုက္ခတွေမဆုံးနိုင်အောင် အများကြီးလာလိမ့်ဦးမယ်။

ပညာအလင်းရောင်ကောင်းရင်တော့ တွေ့သမျှ အာရုံဟာ တရားစွမ်းအားတွေချည်းပဲပေါ့၊ ဒါကြောင့် ကိုယ်ပိုင်ရှိရင် စိတ်အေးရတယ်။

❋ ❋ ❋

# ဆရာသမားကောင်းတွေ့ဖို့ အရေးကြီးတယ်

မောင်ငြိမ်းချမ်းဟာ နေ့စဉ် အိမ်ထဲကမိသားစု တာဝန်ထမ်းရင်းနဲ့ ကိုယ်ပိုင်တရားတွေကိုရအောင် ယူနေလိုက်တာ၊ သဒ္ဓါတရားတွေ တဖွားဖွားဖြစ်လာပြီး အိမ်ရာတည်ထောင် လူ့ဘောင်မှာနေရတာ သူ့အတွက် အလုပ်လုပ်ရတာ၊ နှေးသလိုလို စိတ်ထဲမှာဖြစ်လာတယ်။

သာသနာဝင် ရဟန်းပြုပြီးအားထုတ်ရင်တော့ အများကြီးလဲ ရအောင်ယူနိုင်တယ်၊ ခပ်သုတ်သုတ်လဲ အားထုတ်နိုင်မှာပဲလို့ သဒ္ဓါတရားတွေ တဖွားဖွားဖြစ်လာလို့ သူ့ရဲ့မိဘဆွေမျိုးများထံက ခွင့်တောင်းပြီး သာသနာဝင် ရဟန်းပြုလိုက်ပါတယ်။

ရဟန်းပြုပြီးတော့ ဆရာကောင်းသမားကောင်းထံ ချဉ်းကပ်၊ ပရိယတ္တိပညာများကို ကြိုးကြိုးစားစား သင်ယူတယ်။

သာသနာဝင်လာပြန်တော့ ဆရာကောင်းသမားကောင်းတွေ့ဖို့က တော်တော်အရေးကြီးတာကို၊ တကယ့်ဆရာကောင်းသမားကောင်းမတွေ့လို့ အသက်တွေ ဝါတွေသာကြီးပြီးတော့ ယောင်ချာယောင်ချာနဲ့ နေရတဲ့ပုဂ္ဂိုလ်တွေလဲ တွေ့ဘူးကြမှာပေါ့၊ ရှိတတ်ကြပါတယ်။

ဒါကြောင့် သာသနာဝင်ရင်လဲ ဆရာကောင်းသမားကောင်းတွေ့ဖို့ အရေးကြီးတယ်။

❁ ❁ ❁

# တပည့်ကောင်းဖြစ်ခွင့်ရဖို့ အရေးကြီးတယ်

ဒါကြောင့် မုံရွာပဋ္ဌာနတာရဲ့ ဆရာတော်ဘုရားကြီးအနေနဲ့ မြောင်းမြပဋ္ဌာနတာရဲ့ဆရာတော်တို့လို ဆရာကောင်း သမားကောင်းတွေ တွေ့လိုက်တော့ ဆရာကောင်းကိုတွေ့ခွင့်ရတဲ့ပုဂ္ဂိုလ်ဟာ တပည့်ကောင်း ဖြစ်ခွင့်ရတယ်လေ။

တပည့်ကောင်းဖြစ်ခွင့်ရရင် ကိုယ်လဲ ဆရာကောင်းဖြစ်တာပဲ၊ အရေးကြီးတာက ကိုယ်က တပည့်ကောင်းဖြစ်ဖို့ သိပ်အရေးကြီးတာပေါ့။

ကိုယ်က တပည့်ကောင်းဖြစ်သွားရင် နောင်အခါမှာ ကိုယ်ဟာ ဆရာကောင်းဖြစ်တာပဲ။

သာသနာဝင်လာရင် ဆရာကောင်းနဲ့တွေ့ဖို့ လိုတယ်၊ မောင်ငြိမ်းချမ်းဘဝက ရောက်လာတဲ့ ဦးပဉ္ဇင်းငြိမ်းချမ်းဟာ ဆရာကောင်းများထံ ချဉ်းကပ်ပြီး ပရိယတ္တိပညာများကို ကြိုးစားသင်ယူတယ်၊ (တပည့်ကောင်းဖြစ်ဖို့ ကြိုးစားတာပါ)။

❋ ❋ ❋

# ပဋိပတ်မတိမ်းအောင်
# ပရိယတ်နဲ့ထိန်းရတယ်

ကြိုးစားသင်ယူနေစဉ်မှာ ပဋိပတ်အလုပ်တွေ အားထုတ်နည်းကို လေ့လာသင်ယူပြီး လက်တွေ့ အားထုတ်ပါတယ်၊ ပရိယတ်နဲ့ ပဋိပတ် အပြန်ပြန် အလှန်လှန် ဆက်စပ်အလှဆင်ပေးမှ ထည်ဝါပါ တယ်။

ပဋိပတ်မတိမ်းအောင် ပရိယတ်နဲ့ထိန်းရပါ တယ်၊ ပရိယတ်အသက်ရှင်အောင် ပဋိပတ်နဲ့ အသက်သွင်းပေးရပါတယ်၊ သူတို့နှစ်ခုဟာ တစ်လမ်းစီ သပ်သပ်ခွဲသွားလို့မရပါဘူး၊ သပ်သပ်ခွဲ သွားလို့လဲ မဖြစ်ပါဘူး။

ပဋိပတ်မလိုသေးပါဘူးလေဆိုပြီး ပရိယတ် သက်သက်လိုက်စားရင် ခြောက်ကပ်ကြီးဖြစ်ပြီး တော့ ကိုယ့်အသိတရားတွေ သေကုန်မယ်။

ပရိယတ်မလိုပါဘူးလေ၊ ပဋိပတ်တစ်ခုထဲ သွားတော့မယ်ဆိုရင်လဲ တိမ်းသွားတတ်တယ်၊ ကိလေသာနည်းအောင် အားထုတ်ကာမှ ကိလေသာတွေ ပိုတိုးတတ်တယ်၊ လမ်းမှန်အောင် အားထုတ်ကာမှ လမ်းမှားတွေ ရောက်သွားတတ်တယ်၊ တိမ်းသွားတတ်တယ်၊ ချွတ်ချော်သွားတတ်တယ်။

ဒါကြောင့် ပဋိပတ်မတိမ်းအောင်၊ ပရိယတ်နဲ့ ထိန်းရပါတယ်၊ ပရိယတ် အသက်ရှင်အောင် ပဋိပတ်နဲ့ အသက်သွင်းပေးရပါတယ်၊ စာသင်သားဟာ ဒီအတိုင်းပဲသွားရပါတယ်။

စာလဲတတ်အောင် သင်ရတာပဲ၊ တစ်ဖက်က သိတာ သိသလောက်တွေ ဖြည့်ကျင့်ကြိုးစား အသုံးချရင်းနဲ့ ပရိယတ်ကို အသက်သွင်း ကြိုးစားရတာပါပဲ။

❋ ❋ ❋

## ရတနာတူးသူလိုပဲ

ဦးပဥ္စင်းငြိမ်းချမ်းဟာ ပရိယတ်ကိုလဲ ကြိုးစားတယ်၊ ပဋိပတ် အားထုတ်နည်းတွေကိုလဲ သင်ယူကြိုးစား အားထုတ်တယ်။

အဲဒါနဲ့ (၅)ဝါပြည့်လာတယ်၊ (၅)ဝါပြည့်တော့ ဆရာလွတ်နေလို့ရပြီပေါ့လေ၊ ဒါနဲ့ တောထဲသွား၊ သင်ယူထားတဲ့ ပဋိပတ်ကို ကြိုးကြိုးစားစား အားထုတ်တယ်၊ အားထုတ်တော့ သဒ္ဓါ ဝီရိယခါတ်တွေက တော်တော်ကို အားကောင်းတယ်။

* **ထူးခြားမြင့်မြတ်၊ လူ့စိတ်ဓာတ်ကို၊**
**ကျဉ်းကြပ်ရှုပ်ပွေ၊ ကိလေသာခဲ၊**
**အမှိုက်ထဲမှ၊ ခက်ခဲလှစွာ၊ ဆွဲထုတ်ကာ၊**
**ကောင်းစွာပြုပြင်ရ၊**

သူက စိတ်ကိုတော်တော်နိုင်နေတဲ့အချိန်လေ၊ စိတ်ဟာ နိုင်တုန်း ဖိကြိုးစားမှုဖြစ်မယ်နော်၊ တော်တော်ကြာရင် ဟောဒီစိတ်ကလေးဟာ အဝိဇ္ဇာနဲ့ တဏှာပေါင်းမိသွားရင် ကျောက်ခဲကြားမှာ မြုပ်သွားနိုင်တယ်။

မြုပ်နေကြတော့ နောက်ပြန်ကြီး သွားချင်သွားရမှာ၊ အထက်ကိုတက်ရင်းနဲ့ အောက်ပြန်ရောက်ချင် ရောက်နိုင်တယ်၊ ဒါကြောင့် သတိဝီရိယကြီးစွာထားမှ ကြိုးကြိုးစားစား အားထုတ်တယ်။

အထူးသဖြင့်တော့ ချိန်သီးနဲ့လက်တံပေါ့၊ သတိပညာဆိုတဲ့ ချိန်သီး၊ သဒ္ဓါဝီရိယဆိုတဲ့ လက်တံ၊ ချိန်သီးကိုတပ်၊ လက်တံကိုလဲ တပ်ပြီးတော့ တောထဲသွား။

ပဋိပတ်အလုပ်ကို သက်စွန့်ကြိုးပမ်း ရတနာတူးတဲ့ပုဂ္ဂိုလ်လိုပဲ၊ သတိအလွတ်မခံဘူး။

❁ ❁ ❁

## မေ့မှာကြောက်လှချည်ရဲ့

သူ (ဦးပဥ္စင်းငြိမ်းချမ်း)ရဲ့ ခံယူချက်က ပမာဒသာ ဘာယာမိ၊ ငါမေ့မှာကြောက်လှချည်ရဲ့၊ ပမာဒဟာ သံသရာမှာ အင်မတန်ဆိုးတယ်။

ပမာဒဝင်လာတဲ့အခါ မောဟအမှောင်တွေ ဖုံးသွားတဲ့အခါ ဟောဒီစိတ်ကလေးဟာ မှောင်ကျ သွားနိုင်တယ်။

ပမာဒဆိုတာ မေ့တယ်၊ လျော့တယ်၊ ပေါ့ တယ်၊ ဆတယ်ပေါ့၊ သတိကတော့ အပ္ပမာဒ၊ မမေ့မလျော့ မပေါ့မဆဘူးပေါ့။

မေ့တယ်ဆိုတာ ဘာလုပ်ရမှန်းမသိဘဲ လမ်း ပျောက်သွားတာကို မေ့တယ်ခေါ်တယ်၊ မေ့သွားရင် လူဖျင်းဖြစ်သွားတယ်၊ ဘာမှမရတော့ဘူး။

လျော့တယ်၊ ပေါ့တယ်၊ ဆတယ်ဆိုတာက ဘာလုပ်ရမှန်းတော့သိတယ်၊ သို့သော် အချိန်တွေ အများကြီး ဆွဲနေတယ်၊ အချိန်တွေအများကြီး ခွဲနေတယ်။

အပေါ်ယံပြီးစလွယ် ရှော်ရှွတ်ရှွတ် ဖြစ်ကတတ်ဆန်းလုပ်တယ်၊ အဲသလိုဆိုရင် လူညံ့ဖြစ်သွားတယ်၊ ဖျင်းတော့ မဖျင်းဘူး၊ ညံ့တယ်၊ ဘာမှ အရည်အသွေးမမီတော့ဘူး။

အပ္ပမာဒ–သတိက လူညံ့မဖြစ်ရအောင်၊ လူဖျင်း မဖြစ်ရအောင်၊ အရည်အသွေးမီတဲ့လူကောင်း ဖြစ်ရအောင် သူအကုန်လုံး အာမခံ တာဝန်ယူပါတယ်။

ဒါကြောင့် ပမာဒ ဆိုတာ မေ့တာ။

❋ ❋ ❋

## မေ့တယ်ဆိုတာ
## အရူးလေးဖြစ်သွားတာ

မေ့တယ်ဆိုတာ အားမနာတမ်း တရားစကားနဲ့ပြောမယ်ဆိုရင် အရူးလေးဖြစ်သွားတာ။

တရားဆိုတာ (ခုနပြောခဲ့ပြီကော) ဘူတံဘူတတောပဿတိ၊ အရှိကိုအရှိအတိုင်းမြင်အောင်ကြည့်၊ ဒါဟာ တရား၊ ဘာမှအဖုံးအကွယ်တွေမထားနဲ့၊ ဘာမှအားမနာနဲ့၊ အဖုံးအကွယ်တွေအကုန် ဖော်ပြီးတော့ ရှိတဲ့အတိုင်းမြင်အောင်ကြည့်။

မေ့တယ်ဆိုတာ အားမနာတမ်း တရားစကားနဲ့ ပြောမယ်ဆိုရင် အရူးလေးဖြစ်လို့သွားတာ၊ ၁ မိနစ် သတိလွတ်နေရင် ၁–မိနစ်အတွင်း မိမိဟာ အရူးလေးဖြစ်နေမှာပဲ၊ စဉ်းစားတဲ့နေရာမှာလဲ စိတ်ကို ချမ်းသာစေနိုင်တဲ့ စဉ်းစားခြင်းနဲ့ စဉ်းစားမှာမဟုတ်တော့ဘူး၊ ပြောဆိုလုပ်ကိုင်မှုဟာလဲ မိမိကို ချမ်းသာစေနိုင်တဲ့ ပြောဆိုလုပ်ကိုင်မှုမျိုးမဟုတ်တော့ဘူး၊ တိမ်းသွားနိုင်တယ်၊ ဒါကြောင့် အရူးလေးဖြစ်လို့နေမယ်။

၁–နာရီ သတိလွတ်နေမယ်ဆိုရင် ၁–နာရီအတွင်းမှာ အရူးလေးဖြစ်လို့နေမှာပေါ့၊ တစ်နေ့လုံး စိတ်ကလေးဟာ တောတွေးတောင်တွေး၊ တောပြေးတောင်ပြေး၊ ဘယ်အာရုံမှ မိမိရရမဖမ်းနိုင်ဘူး၊ အကုန်လုံး အာရုံနဲ့စိတ် အံချော်ပြီးနေမယ်ဆိုရင် တစ်နေ့လုံး အရူးလေးဖြစ်နေမှာပေါ့။

အရူးလေးချင်းထပ်သွားရင် အရူးကြီးလဲဖြစ်သွားနိုင်တယ်၊ ဒါကြောင့် သတိလွတ်တယ်၊ မေ့တယ်ဆိုတာ အရူးလေးဖြစ်သွားတာ။

တစ်ခါတစ်ရံ အိမ်ထဲမှာ ဟိုနားဒီနားသွား ရင်းနဲ့ ခလုတ်တိုက်တယ်ဆိုပါတော့၊ "ဪ- နေ့တိုင်းသွားနေကျ အိမ်ထဲမှာတောင် ခလုတ်တိုက် လောက်အောင် ငါ အရူးလေးဖြစ်နေပြီ၊ ဒီအိမ်ထဲ ဟာ နေ့တိုင်း ငါသွားနေကျနေရာပါတကား"

တစ်ခါတစ်ရံ အိမ်ထဲမှာ ဟိုနားဒီနားသွား ရင်းနဲ့ ခေါင်းနဲ့ ဟိုဆောင့်မိ၊ ဒီဆောင့်မိ၊ "ဪ- နေ့တိုင်းသွားနေကျ အိမ်ထဲမှာတောင် ခေါင်းနဲ့ ဟိုဆောင့်မိ ဒီဆောင့်မိ ဖြစ်လောက်အောင် ငါအရူး လေးဖြစ်လို့နေပြီ" တိမ်းပါးချွတ်ချော်တာ။

တစ်ခါတစ်ရံ မီးဖိုချောင်ထဲမှာ ထမင်းချက် တယ်၊ ထမင်းကောင်းကောင်းဖြစ်အောင်လို့ ချက် တာ၊ ဒါပေမယ့် သတိလွှတ်သွား၊ မေ့သွားတော့ ထမင်းအိုးက တူးသွားတယ်ဆိုပါတော့"

"ဪ- နေ့စဉ်ချက်နေကျထမင်း တူး အောင် ငါအရူးလေး ဖြစ်လို့နေပြီ"လို့ သိရတယ်။

ဒါမျိုးပေါ့၊ နေ့စဉ်လုပ်နေကျ အလုပ်တွေ တောင်မှ နေ့စဉ်သွားနေကျနေရာ၊ နေ့စဉ်ချက် နေကျ ထမင်းတောင် ပုံမှန်မဖြစ်ဖူး၊ ဟောဒီ

သတိလွတ်သွားရင် တိမ်းပါးချွတ်ချော်သွားတယ်၊ ဒါကြောင့် သတိလွှတ်ရင်၊ မေ့ရင် အရှုံးလေးဖြစ်တယ်ဆိုတာ သေချာတယ်ပေါ့။

❁ ❁ ❁

# သူငယ်ပြန်တယ်ဆိုတာ အရူးဖြစ်တာပဲ

အဖွားကြီးတစ်ယောက် တွေ့ဖူးတယ်၊ (၉၉) နှစ်ရှိပြီ၊ အသက်ရှည်တယ်ဆိုတော့ ရပ်ဝေးက လာတဲ့ ပုဂ္ဂိုလ်များ တအုံ့တသြပေါ့လေ။

အဖွားထံသွား၊ လက်ဆောင်ပေးကြ၊ နှုတ်ဆက်စကားတွေ ပြောကြ၊ မေးကြ၊ မြန်းကြပေါ့၊ အဲဒါနဲ့ တချို့က ပြန်ကာနီးမှာ နှုတ်ဆက်စကား ပြောရင်း မေးကြတယ်။

"အဖွား– ဘာလိုသလဲ၊ လိုတာပြောပါ" ဆိုတော့ အဖွားက "ဆွဲကြိုးကလေး ဝယ်ပေးပါ ကွယ်၊ နားဆွဲလဲဝယ်ခဲ့နော် မိတ်ကပ်တွေ ပေါင်ဒါဗူးလေးတွေလဲမကျန်ပါစေနဲ့နော်" အဲသလို ပြောပြီး ဟက်ဟက်ပက်ပက် ရယ်ချလိုက်တယ်။

ရယ်ရာကနေ ချက်ချင်းချိုးချင့်လိုက်ပြန်ရော၊ အဲသလိုဆိုတော့ ဘေးက ဝိုင်းကြည့်နေသူတွေက သိသွားပြီလေ၊ "ဩော်– အဖွားကြီး၊ သူငယ်ပြန်နေပြီပဲ"။

သူငယ်ပြန်တယ်ဆိုတာ နားကြားကောင်းအောင်ပြောတာ၊ တရားစကားနဲ့ အားမနာတမ်းပြောရရင် "အဖွားကြီး (၉၉)နှစ်ရှိကာမှ ရူးနေပြီကောနော်"လို့ ဆိုချင်တာပဲ။

တရားစကားနဲ့ အားမနာတမ်းပြောရမယ်ဆိုရင် သူငယ်ပြန်တယ်ဆိုတာ အရူးဖြစ်တာပဲ၊ အရူးကြီးလို့တော့ တိုက်ရိုက်မပြောသေးပါဘူး၊ သို့ပေမယ့် သူပြောတာနားထောင်ပေါ့၊ သူ့အရွယ်နဲ့ သူပြောရမယ့်စကားလဲမဟုတ်ဖူး။

ပါးစပ်က မဟုတ်တရုတ်တွေလျှောက်ပြောတာဟာ စိတ်ကလဲ မဟုတ်တရုတ်တွေ တွေးနေလို့ဖြစ်မှာပေါ့။

ဒါကြောင့် အရေးကြီးတာက သတိမလွှတ်ဖို့လိုတယ်။

❋ ❋ ❋

## ပစ္စုပ္ပန်သာ အဖိုးအတန်ဆုံး

ဒါကြောင့် ဦးပဥ္စင်းငြိမ်းချမ်း တောထဲမှာ တရားအားထုတ်နေတာ သူဟာ အမေ့မခံဘူး၊ ဘယ်ပစ္စုပ္ပန်မှ အလွတ်မခံနိုင်ဘူး၊ သာသနာက ပစ္စုပ္ပန်ကို တန်ဖိုးထားဖို့ ပြောတာကိုး။

ဘယ်အချိန် အဖိုးတန်ဆုံးလဲဆိုရင် ပစ္စုပ္ပန်ရောက်ဆဲအချိန် အဖိုးအတန်ဆုံးပါ၊ လောကမှာ ဘယ်အရာ အရေးအကြီးဆုံးလဲဆိုရင် လောလော ဆယ်လုပ်နေဆဲ အလုပ်သာ အရေးအကြီးဆုံးပါ။

အဲဒီအရေးအကြီးဆုံးအလုပ်တွေကို သမ္မာဒိဋ္ဌိ ခေါင်းတွဲနဲ့ ချိတ်ဆက်ပေးလိုက်၊ အိမ်ထဲမှာ ဘာလုပ်လုပ် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားမယ်။

* **ပစ္စုပ္ပန်သာ၊ ရောက်ဆဲမှာ၊**
  **မှန်စွာအဖိုးအတန်ဆုံး၊**
* **ပြုလုပ်ဆဲသာ၊ အလုပ်မှာ၊**
  **မှန်စွာအရေးအကြီးဆုံး၊**
* **ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊**
  **အမြဲတွင်အောင်သုံး၊**

ရောက်ဆဲလုပ်ဆဲကာလမှာ သတိလေးကို အမြဲတမ်းကိုင်ထားပါ၊ စားတယ်၊ သွားတယ်၊ လုပ်တယ်၊ ကိုင်တယ်၊ ကြားတယ်၊ မြင်တယ်၊ ဘယ်ဟာမှ သတိမလွတ်ပဲ အဲသလိုကိုင်မှ ပညာနဲ့ တွဲလိုက်တဲ့အခါမှ အကုန်လုံး စွမ်းအားတွေဖြစ်ပေါ် လာမှာ သေချာတယ်။

* **ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊**
  **အမြဲတွင်အောင်သုံး၊**
* **မသုံးမိက၊ အပူရ၊ ဘဝနာ၍အခွင့်ရှုံး၊**

မသုံးမိရင် အပူတွေရတယ်၊ အမှန်တော့ ဖြုန်းတယ်ဆိုတာ အပေါ်ယံပြောလိုက်တာ

အလကားကုန်သွားတယ်ပေါ့၊ ဖြုန်းတယ်ဆိုတာ အချိန်ကိုဖြုန်းတယ်၊ ဘဝကိုဖြုန်းတယ်ဆိုတာ ဘဝ အလကားကုန်သွားတယ်ပေါ့၊ တရားစကားနဲ့ ပြောလိုက်တော့ ဖြုန်းတာဟာ အလကားကုန်တာ မဟုတ်ဖူး၊ အပူစုတာ။

- **၁–မိနစ်အချိန်ဖြုန်းတဲ့ပုဂ္ဂိုလ်**
- **၁–မိနစ်အတွင်းမှာ**
- **အပူစိမ့်ဝင်နေကြပါတယ်၊**
- **၁–နာရီအချိန်ဖြုန်းတဲ့ပုဂ္ဂိုလ်**
- **၁–နာရီအတွင်းမှာ**
- **အပူတွေစိမ့်ဝင်နေကြပါတယ်၊**
- **ဒါကြောင့် ဖြုန်းတယ်ဆိုတာ**
- **အလကားကုန်တာမဟုတ်ဖူး**
- **အပူတွေစုနေတာပါ၊**

ဒါကြောင့် ဒီအပူတွေကင်းသွားအောင် စိတ်ထိန်းကိရိယာ၊ အာရုံထိန်းကိရိယာနဲ့ မလွတ်အောင် ကိုင်ထားဖို့လိုတယ်၊ သူက အားချိန်တောင်း တာလဲမဟုတ်၊ ပိုက်ဆံတောင်းတာလဲမဟုတ်၊ နေ့စဉ် အိမ်ထဲမှာချက်ပြုတ်ရင်း၊ စားရင်းသောက်

ရင်း၊ သွားရင်းလာရင်း၊ စီးပွားရှာရင်းနဲ့ အမြဲတပ်ဆင်လို့ရပါတယ်။

❀ ❀ ❀

## ချမ်းသာချင်တဲ့သူတွေအားလုံး ကျင့်ကြပါ

သာသနာက ဟိတ်ကြီးဟန်ကြီး ပိုက်ဆံရှိတဲ့ ပုဂ္ဂိုလ်တွေမှ လုပ်နိုင်တယ်လို့ ကန့်သတ်ထားတာမဟုတ်ပါဘူး၊ အားတဲ့ပုဂ္ဂိုလ်တွေမှ ကျင့်ကြပါလို့ ကန့်သတ်ထားတာလဲမဟုတ်ပါဘူး၊ ချမ်းသာချင်တဲ့သူတွေအားလုံးကျင့်ကြပါ၊ ဒုက္ခလွတ်ချင်တဲ့ ပုဂ္ဂိုလ်တွေ ဒုက္ခငြိမ်းချင်တဲ့ပုဂ္ဂိုလ်တွေ လက်ကိုင်ပြုကြပါ၊ အဲသလို လမ်းညွှန်ချက်ပေးထားတာပဲ။

* **ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊ အမြဲတွင်အောင်သုံး၊**

* **မသုံးမိက၊ အပူရ၊ ဘဝနာ၍အခွင့်ရှုံး၊**
* **အချိန်ကိုထိန်း၊ အပူငြိမ်း၊**
**တွက်ကိန်းအကိုက်ဆုံး၊**

အချိန်ထိန်း သတိလေးကိုင်ထားရင် တွက်ကိန်းကိုက်ပါတယ်တဲ့၊ အိမ်ထဲမှာ ထမင်းချက်ရင်း မီးဖိုချောင်ဝင်တော့ မီးဖိုချောင်ယောဂီပေါ့။

ပညာချိန်သီးလေးတပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ထမင်းအိုးထဲမှာ ဒါနဘယ်လောက်ပါတယ်၊ ပါနိုင်တယ်၊ ထမင်းအိုးထဲမှာ သီလဘယ် လောက်ပါနိုင်တယ်၊ သမာဓိ, ပညာ ဘယ်လောက်ပါနိုင်တယ် ဆိုတာ ချိန်ဆကြည့်လို့ရတယ်။

ထမင်းအိုးထဲမှာ ဒါနတွေအပြည့်၊ မိသားစု အချင်းချင်း ကျွေးရတာတောင် အလှူပွဲကြီးပဲ၊ သီလအကုန်ပါတယ်၊ သတိနဲ့ ဝီရိယ တွဲရင်း ချက်ပြုတ်၊ ခဏိကသမာဓိ အကုန်ပါတယ်၊ မေတ္တာပွားရင်းနဲ့ချက်၊ မေတ္တာသမာဓိတွေပါတယ်။

ဝိပဿနာလဲ မယူတတ်ရင်သာနေရောပေါ့၊ တန်းစီလို့၊ သိတတ်တဲ့စိတ်နဲ့၊ သိစရာဆန်တွေ၊ ဟင်းသီးဟင်းရွက်တွေ အနေအထား ပြောင်းသွားပုံကိုကြည့်၊ ကြည့်တတ်ရင် တရားပဲ။

ကြည့်တတ်ရင် ပညာပဓာနတ၊ ပညာအလင်းရောင်ကောင်းရင် (စောစောကပြောသလိုပဲ) ဆေးပညာမျက်လုံးနဲ့ကြည့်ရင် သစ်ပင်အားလုံး ဆေးဖက်ဝင်တယ်ဆိုသလိုပဲ၊ တရားမျက်လုံး ကောင်းရင် ပညာအလင်းရောင်ကောင်းရင် အလုပ်အားလုံးကို နိဗ္ဗာန်ရောက်ကြောင်းချည်းပဲ။

ဒါကြောင့် ချိန်သီးလဲအမြဲတပ်ဆင်ဖို့လိုတယ်၊ သူက သမာဓိကို ဖော်ထုတ်တယ်၊ သမာဓိအား ကောင်းတော့ ပညာမျက်လုံးပေါ်စေတယ်၊ လာဘ်မြင်တယ်၊ အန္တရာယ်တွေကို တွက်ဆတတ်တယ်၊ ဖယ်ရှားတတ်တယ်ပေါ့။

*** ပစ္စုပ္ပန်သာ၊ ရောက်ဆဲမှာ၊**
**မှန်စွာအဖိုးအတန်ဆုံး၊**

*** ပြုလုပ်ဆဲသာ၊ အလုပ်မှာ၊**
**မှန်စွာအရေးအကြီးဆုံး၊**

*** ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊**
**အမြဲတွင်အောင်သုံး၊**

*** မသုံးမိက၊ အပူရ၊ ဘဝနာ၍အခွင့်ရှုံး၊**

* **အချိန်ကိုထိန်း၊ အပူငြိမ်း၊**

  **တွက်ကိန်းအကိုက်ဆုံး၊**

ဒါကြောင့် သတိနဲ့ထိန်းထားရင် တွက်ကိန်းကိုက်တယ်။

❋ ❋ ❋

# ကိလေသာရှိလို့
# လူစွမ်းကောင်းဖြစ်တာ

ဦးပဥ္စင်းငြိမ်းချမ်း တရားအားထုတ်တယ်၊ တဈာကိုကြောက် တယ်ဆိုပေမယ့် ပုထုဇဉ်ပဲလေ၊ အစမထင် သံသရာကပါလာတဲ့ ကိလေသာသတ္တိ ဆိုတာ တစ်ခါတစ်ရံ စိတ်ကလေးတွေက တော တွေးမိ တောင်တွေးမိပေါ့။

လောဘတွေဖြစ်လိုက်၊ မကျေနပ်စရာ ဒေါသ တွေဖြစ်လိုက်၊ မောဟအမှောင်ထဲကို မသိမသာ ရောက်သွားလိုက်နဲ့ စိတ်ကို ကြိုးကြိုးစားစား လုရတာပဲ။

အမှန်တော့ ဒီကိလေသာတွေရှိလို့ပဲ လူဆို တာ လူစွမ်းကောင်းဖြစ်လာတာ၊ လောကမှာ လူတွေဟာ အနာရောဂါမရှိဘူးဆိုရင် ဆေးဆရာ စွမ်းအား ဘယ်သိနိုင်လိမ့်မတုန်း၊ ဆေးဆရာ ဘယ်လောက် စွမ်းလဲသိချင်ရင် ရောဂါနဲ့စမ်းရမယ်။

ရောဂါရှိမှ ရောဂါကိုပျောက်အောင်ကုနိုင်တဲ့ ဆေးဆရာရဲ့စွမ်းရည်ကို သိရတယ်။

❖ **ဆေးဆရာဘယ်လောက်စွမ်းတယ် သိချင်ရင်**

❖ **ရောဂါနဲ့စမ်းရသလို**

❖ **သူတော်ကောင်းဘယ်လောက်စွမ်းသလဲ သိချင်ရင်**

❖ **ကိလေသာနဲ့စမ်းရတယ်၊**

❖ **လောကဓံအာရုံတွေနဲ့စမ်းပေးရတယ်၊**

လောကဓံအပူတွေ၊ ဆင်းရဲဒုက္ခအပူတွေ၊ ကိလေသာအပူတွေနဲ့ စမ်းပေးလိုက်ရင် ဒီသူတော်ကောင်း ဘယ်လောက်စွမ်းတယ်ဆိုတာ သိနိုင်တယ်။

❖ **သူတော်ကောင်းရဲ့စွမ်းအားကို**

❖ **ကိလေသာနဲ့ပဲစမ်းရတယ်၊**

❖ **ကိလေသာသည်**

❖ **သူတော်ကောင်းကို ဂုဏ်ရည်ပျက်သွားအောင် လုပ်သလိုပဲ၊**

❖ **သူတော်ကောင်းကို ဂုဏ်ရည်တက်သွားအောင်လဲ လုပ်နိုင်တယ်၊**

❁ ❁ ❁

# ကိလေသာကြောင့်
# သူတော်ကောင်းဂုဏ်တက်တယ်

"လောဘနည်းအောင် နေတတ်လိုက်တာ၊ ဒေါသကင်းအောင်နေတတ်လိုက်တာ၊ မောဟကင်းအောင် သတိမပြတ်ရှုမှတ်နေတတ်လိုက်တာ၊ မာန်မာနကင်းလိုက်တာ၊ ဖြောင့်မတ်လိုက်တာ၊ ရိုးသားလိုက်တာ၊ လောဘ,ဒေါသ,မောဟ အလွန်ပေါတဲ့ လောကထဲမှာ လောဘ, ဒေါသ, မောဟကင်းအောင် နေတတ်လိုက်တာ စသည်ဖြင့် ကိလေသာကြောင့်ပဲ သူတော်ကောင်း ဂုဏ်တက်တယ်။

ဒါကြောင့် ဆေးဆရာစွမ်းအားကို ရောဂါနဲ့ စမ်းရသလို သူတော်ကောင်းရဲ့ စွမ်းအားကို ကိလေသာအပူတွေနဲ့ စမ်းရတယ်။

လူရဲ့ခန္ဓာမှာ အနာရောဂါမရှိဘူးဆိုရင် ဆေးရဲ့အာနိသင်၊ ဘယ်သိနိုင်မှာတုန်း၊ ဆေးအာနိသင် သိချင်ရင် ရောဂါနဲ့ပဲစမ်းရတယ်။

ဒီဆေးက ဘယ်ရောဂါကို သိပ်နိုင်တာ၊ ဒီဆေးတစ်ခါ သောက်လိုက်ရင် ဘယ်လိုရောဂါ ပျောက်သွားတာ စသည်ဖြင့် ဆေးရဲ့အာနိသင်ကို ရောဂါကြောင့် သိရတယ်။

ဒါမျိုးလိုပေါ့၊ ကိလေသာနဲ့အပူဆိုတာတွေ ရှိနေလို့ တရားစွမ်းအားဆိုတာ ပေါ်လာရတာ၊ တရားအာနိသင်ဆိုတာ ပေါ်လာရတာ။

ဟောဒီတရားသာ အားထုတ်စမ်း၊ အငိုတိတ် ရမယ်၊ အကြောက်ပြေရမယ်၊ အပူငြိမ်းရမယ်၊ သတ္တိရှိရမယ်၊ လောကဓံခံနိုင်လိမ့်မယ် စသည်ဖြင့် တရားရဲ့အာနိသင်ကို သိကြရတာဟာ ကိလေသာ အပူကြောင့်ပါ။

ဒါကြောင့် ဆင်းရဲတာအထင်မသေးပါနဲ့၊ ဆင်းရဲက တွန်းအားပေးလိုက်ရင် ဒီဆင်းရဲတွေ ကြောင့်ပဲ အထက်ကို တက်သွားနိုင်ပါတယ်။

❋ ❋ ❋

## ရောဂါရှိ၍ ဆေးစွမ်းသိရ

ဦးပဉ္ဇင်းငြိမ်းချမ်း တရားအားထုတ်တယ်၊ အားထုတ်ရင်း အားထုတ်ရင်းနဲ့ ရံဖန်ရံခါ ကိလေသာဝင်လာတာပေါ့၊ ပူစရာဝင်လာ တာပေါ့၊ တစ်ခါတစ်ရံ စိတ်မနိုင်ပဲနဲ့ နောက်ဆုတ်ချင်စိတ်များတောင် ပေါ်လာတယ်။

***   ရောဂါကြောင့်သာ၊ ဆေးဆရာ၊**
**စွမ်းတာသိနိုင်သည်၊**

ရောဂါကြောင့် ဆေးဆရာစွမ်းမှန်းသိရတာ၊ ဘာရောဂါမှ မရှိကြတော့ဘူးဆိုရင် ဆေးဆရာ ဘယ်လောက်စွမ်းတယ် ဘယ်သူမှ သိနိုင်မှာ မဟုတ်ဖူး။

***   ရောဂါကြောင့်သာ၊ ဆေးဆရာ၊**
**စွမ်းတာသိနိုင်သည်၊**

- **ကိလေသာဟူ၊ အပူကြောင့်သာ၊**
**ကောင်းစွာကျင့်တတ်၊ သူတော်မြတ်၏၊**
**မြင့်မြတ်ထူးဆန်း၊ လူ့အစွမ်း၊**
**ဖြစ်ထွန်းပေါ်လာသည်၊**

ကိလေသာတွေကြောင့် လောကဓံတွေကြောင့်၊ အပူတွေကြောင့်၊ ဆင်းရဲဒုက္ခတွေကြောင့်လဲ ကောင်းမွန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်တတ်တဲ့ သူတော်ကောင်းတို့ရဲ့ စွမ်းအားဆိုတာ ပေါ်ပေါက်လို့လာတာ။

- **ကိလေသာဟူ၊ အပူကြောင့်သာ၊**
**ကောင်းစွာကျင့်တတ်၊ သူတော်မြတ်၏၊**
**မြင့်မြတ်ထူးဆန်း၊ လူ့အစွမ်း၊**
**ဖြစ်ထွန်းပေါ်လာသည်၊**

ဒီကိလေသာတွေမှမရှိရင်၊ ဒီအပူတွေမှမရှိရင် ဘာဖြစ်လို့ တရားအားထုတ်တော့မလဲ၊ တရားအားထုတ်တော့ကော ဘာအာနိသင် ပေါ်လာတော့မှာလဲ၊ ဘာအစွမ်းတွေ ပေါ်လာတော့မှာလဲ။

အခုတော့ ကိလေသာတွေရှိနေလို့သာ၊ ဒီအပူတွေရှိနေလို့သာ တရားအလုပ် အားထုတ်ကြတာ၊ လူစွမ်းကောင်းပြကြတာ၊ အားထုတ်နိုင်သလောက် လူမှာ ဂုဏ်တက်သွားတာပဲ။

*** ရောဂါအများ၊ ရှိနေကြား၍၊**
**ဆေးဝါးစွမ်းအင်၊ အာနိသင်၊**
**ပေါ်လွင်ထင်ရှားသည်၊**

ရောဂါရှိနေလို့သာ ဆေးအာနိသင်သိရတာပါ၊ ဆေးအာနိသင် ပေါ်လွင်တာပါ။

*** ကိလေသာဟူ၊ အပူအများ၊ ရှိနေကြား၍၊**
**တရားစွမ်းအင်၊ အာနိသင်၊**
**ပေါ်လွင်ထင်ရှားသည်၊**

ကိလေသာတွေ၊ အပူတွေ၊ ကောက်ခံမှန်တိုင်းတွေ၊ အပူမျိုးစုံတွေရှိနေလို့သာ တရားစွမ်းအား ပေါ်လွင်တာပေါ့၊ "သြော်– မင်းမှာ ဒုက္ခတွေ့နေပြီလား၊ ဟောဒီတရားလေးအားထုတ်စမ်းကြည့်၊ ရှုစမ်း၊ သတိပဋ္ဌာန်ရှုမှတ်စမ်း၊ အားထုတ်စမ်း၊ မင်းအပူတွေငြိမ်းသွားမှာ စိတ်သာချ။

"ပြဿနာတွေကြောင့် မင်းတော်တော်ဒုက္ခရောက်နေပုံပေါ်တယ်၊ ဟောဒီတရား အားထုတ်စမ်းပါ၊ ချက်ချင်းကိုငြိမ်းသွားမှာပါ" ဒါမျိုးပေါ့။

*** ရောဂါကြောင့်သာ၊ ဆေးဆရာ၊**
**စွမ်းတာသိနိုင်သည်၊**

- ကိလေသာဟူ၊ အပူကြောင့်သာ၊ ကောင်းစွာကျင့်တတ်၊ သူတော်မြတ်၏၊ မြင့်မြတ်ထူးဆန်း၊ လူ့အစွမ်း၊ ဖြစ်ထွန်းပေါ်လာမည်၊
- ရောဂါအများ၊ ရှိနေငြား၍၊ ဆေးဝါးစွမ်းအင်၊ အာနိသင်၊ ပေါ်လွင်ထင်ရှားသည်၊
- ကိလေသာဟူ၊ အပူအများ၊ ရှိနေငြား၍၊ တရားစွမ်းအင်၊ အာနိသင်၊ ပေါ်လွင်ထင်ရှားသည်၊

ဒါကြောင့် ကိလေသာကြောင့်ပဲ သူတော်ကောင်းရဲ့ တရားစွမ်းအားပေါ်ရတယ်၊ ကိလေသာကြောင့်ပဲ တရားစွမ်းအားအာနိသင် ပေါ်လာရတယ်။

❋ ❋ ❋

# သတိပညာချိန်သီးလေး လက်ဦးနေတဲ့အတွက်

ဦးပဥ္စင်းလေးငြိမ်းချမ်း တရားအလုပ်ကို အားထုတ်တဲ့အခါမှာ ရံဖန်ရံခါ ကိလေသာတွေဝင်လာတယ်၊ ဒါတွေကိုပဲ သတိနဲ့ပညာတွဲပြီး ရှုမှတ်။

ဟောဒါက လောဘဟဲ့၊ ရှုမှတ်လိုက်တာက လက်ဦးသွားတော့ ဆယ်ချက်လောက်ဖြစ်ရမယ့် လောဘသည် နှစ်ချက်သုံးချက်မှာ မိသွားတော့ လေးငါးချက်သက်သာလဲ နည်းတာမှတ်လို့လေ။

ဟောဒါက ဒေါသဟဲ့၊ အတိတ်ကမကျေနပ်တာတွေ လျှောက်တွေး၊ သတိသမ္ပဇဉ်လေးနဲ့စိုက်ပြီး ရှုမှတ်လိုက်တဲ့အခါ မိသွားတယ်လေ၊ နှစ်ချက်သုံးချက်မှာ မိသွား၊ ခြောက်ချက်၊ ခုနစ်ချက်လောက် သက်သာ နည်းတာမှတ်လို့၊ ဘာပဲဖြစ်ဖြစ် သတိလက်ဦးနေတယ်။

သူကတော့ သတိပညာချိန်သီးလေး လက်ဦး နေတဲ့အတွက် အကုန်လုံးဟာ တရားအာရုံချည်း ပါပဲ၊ အဲဒါနဲ့ တော်တော် တရားအားထုတ်လို့ ကောင်းလာတယ်၊ ပညာအလင်းရောင်ကောင်း လို့ပေါ့။

ပညာအလင်းရောင်မကောင်းရင် စိတ်မနိုင်ပဲ နောက်ဆုတ်မှာပေါ့၊ စိတ်မနိုင်တာ သူကသိပြီ၊ ကိလေသာကြောင့် စိတ်မနိုင်တာ။

တရားအားထုတ်တာ ကိလေသာကြောင့် အားထုတ်ရတာ၊ စိတ်နိုင်နေ ဘာဖြစ်လို့ အား ထုတ်ရမတုန်း။

- ❖ **စိတ်မနိုင်တာကိုနိုင်အောင်လို့**
- ❖ **တရားအလုပ်အားထုတ်ရတာ**
- ❖ **စိတ်ပူတာကို အေးချမ်းအောင်လို့**
- ❖ **တရားအလုပ်အားထုတ်ရတာ**
- ❖ **ပညာမျက်လုံးကောင်းတော့ သိတာပေါ့၊**
- ❖ **ပညာမျက်လုံးမရှိရင်၊ စိတ်မနိုင်ရင်၊**
- ❖ **နောက်ဆုတ်တော့မှာပါ၊**

❁ ❁ ❁

# အချိန်တိုင်းတန်ဖိုးရှိလာတယ်

အဲဒါနဲ့ တရားအားထုတ်လိုက်တာ တော်တော်လေး အရှိန်ရလာတော့ အချိန်တိုင်း၊ အချိန်တိုင်းဟာ သူ့အတွက် သိပ်တန်ဖိုးရှိလာတယ်၊ ဘယ်ပစ္စုပ္ပန်မှအလွတ်မခံနိုင်တော့ဘူး၊ ဘယ်ပစ္စုပ္ပန်မှ မဖြုန်းရက်အောင်ဖြစ်လာတယ်၊ အထူးအားဖြင့် ပမာဒဿဘာယာမိ ငါမေ့မှာ ကြောက်လှချည်ရဲ့။

အဲဒါနဲ့ စားချိန်သောက်ချိန်တောင် မပေးတော့ဘူးတဲ့၊ "စားနေစဉ် သောက်နေစဉ်မှာ လောဘလေးဝင်ခဲ့ရင် မောဟလေးဝင်ခဲ့ရင်၊ ပမာဒလေးဝင်ပြီး နှောင့်ယှက်နိုင်တယ်၊ ငါမစားသောက်တော့ဘူး"

"ဩော်– အိပ်လိုက်မယ်ဆိုရင် ထိနမိဒ္ဓတွေလက်ဦးသွားလို့၊ မောဟက ပိတ်ဆီးပြီးတော့သွား

နိုင်တယ်၊ ပမာဒတွေ နောက်ထပ်ဝင်လာ၊ ကိလေသာတွေ တမျှော်တခေါ်ကြီး လာကြပြန်တော့မယ်၊ ငါ အိပ်လဲမအိပ်တော့ဘူး၊ ဘာမှလဲ မစားတော့ဘူး” သတိနဲ့ ဝီရိယတွဲပြီးတော့ ဉာဏ်မျက်လုံးကိုဖွင့်၊ သတိမလွတ်၊ ဝီရိယမရပ်၊ ပညာမျက်လုံးမမှိတ်၊ ဒီ(၃)ခု လက်ကိုင်ပြုပြီး ကြိုးစားတော့တာပဲ။

ကြိုးစားတော့ မအိပ်တာကတော့ ထိနမိဒ္ဓကင်းအောင်၊ ဝီရိယသတိတွေ အားကောင်းနေ၊ သမာဓိအားကောင်းနေ၊ ဒီလောက် အကြောင်းမဟုတ်ပါဘူးလေ၊ ရုပ်ခန္ဓာကြီးက မစားမသောက်တော့ ဘယ်ခံနိုင်တော့မှာလဲ။

“စားချိန်သောက်ချိန်ပေးလိုက်ရင် လောဘတွေ ဝင်လာရချည်ရဲ့၊ မောဟတွေ ဝင်လာရချည်ရဲ့၊ ပမာဒတွေ ဝင်လာရချည်ရဲ့၊ ဒါကြောင့် ငါ မစားသောက်တော့ဘူး”

“စားချိန်သောက်ချိန်ပေးလိုက်မယ်ဆိုရင် တရားချိန်တွေ လျော့သွားနိုင်တယ်၊ ဒါကြောင့် ငါမစားသောက်တော့ဘူး”လို့ ဝီရိယနဲ့တင်းပြီး အားထုတ်တော့ အစားအသောက်မစားတာ ရက်တော်တော်များလာတော့ အားတွေပြတ်သွား၊

လေသင်ခုန်းထိုးပြီး တရားအားထုတ်နေတဲ့ ဦးပဥ္စင်းလေးငြိမ်းချမ်း၊ ငါးဝါရ ဦးပဥ္စင်းလေးငြိမ်းချမ်း၊ ဘဝနတ်ထံ ပျံလွန်တော်မူသွားတယ်။

❁ ❁ ❁

## သေတာတောင်မသိလိုက်ဖူး

တရားထဲမှာ စိတ်ဝင်စားမှုအားကောင်းနေတော့ သူ့ဟာသူ စုတေစိတ်ကျသွားတာ မသိလိုက်ဖူးတဲ့၊ ဒါလဲ တော်တော်အံ့ဩဖို့ကောင်းတယ်၊ ဘဝကူးစိတ်အေးရမယ်ဆိုတာ ဒါပေါ့။

သေတာတောင် မသိလိုက်ဖူးဆိုတာ တော်တော်အံ့ဩဖို့ကောင်းတယ်၊ တရားကို သိပ်ပြီးတော့ စိတ်ဝင်စားလွန်းလို့၊ တရားအပေါ်မှာ အလွန့်အလွန် ဆန္ဒပြင်းပြလွန်းလို့ စုတေစိတ်ကျသွားတာတောင် မသိလိုက်ဖူး၊ ဘဝနတ်ထံ ပျံလွန်တော်မူသွားတယ်။

ဘဝနတ်ထံပုံလွှန်တော်မူတယ်ဆိုတဲ့အတိုင်း၊ တကယ့်ကို တာဝတိံသာနတ်ပြည် ရောက်သွားတာ။

တာဝတိံသာနတ်ပြည်မှာ ရောက်သွားတော့ ထိုင်လျက်ပဲ၊ နတ်ဗိမာန်တံခါးပေါက်မှာ သွားဖြစ်တယ်။

နတ်သမီးတွေကလဲ နည်းတာမဟုတ်ဖူး၊ ဗိမာန်ပိုင်ရှင်ဖြစ်တဲ့ နတ်သားလာပြီဆိုပြီး နတ်သမီးတွေ ဝမ်းသာအားရ ဆီးကြိုကြ၊ အနားကို ဝိုင်းရံလာကြ။

❀ ❀ ❀

## ဘဝပြောင်းတယ်, အလုပ်မပြောင်းဘူး

အဲသလိုဆိုတော့ ဦးပဋ္ဌင်းငြိမ်းချမ်းဘဝက ရောက်လာတဲ့နတ်သားက မျက်စိမပွင့်တပွင့် ဖွင့်ကြည့်လိုက်တော့ နတ်သမီးတွေကို တွေ့ရတယ်။

နတ်သမီးတွေကို နတ်သမီးလို့မထင်ဘူး၊ "ငါ တရားအားထုတ်တဲ့ တောထဲကို ဘယ်နှယ့်လူဒကာမတွေ ဘာလုပ်ဖို့လာကြတာလဲ၊ အေးလေ၊ ငါမကြည့်ပြီးရောပေါ့"လို့ မျက်စိမှိတ်နေလိုက်သတဲ့။

သူ့ကိုယ်သူ ဘုန်းကြီးလို့ထင်နေတာ၊ နတ်သားဖြစ်နေတယ်လို့ သူ့ကိုယ်သူ မထင်သေးဘူး၊ အဲဒါကြောင့် မျက်စိမှိတ်ပြီး သူ ရှုမှတ်နေကျတရားကို ဆက်ပြီးတော့ ရှုမှတ်နေသတဲ့။

ဘဝသာပြောင်းသွားတာ၊ အလုပ်မပြောင်းဘူး၊ အဲဒါ အတော်ချီးကျူးဖို့ကောင်းတယ်၊ ပညာပဋ္ဌောတ၊ ပညာအလင်းရောင် အမြဲ ညှိထွန်းထားတာ။

အဲသလို အခြေအနေကိုမြင်တော့ နတ်သမီးတွေက အကဲခတ်မိတယ်၊ "ဩော်– ရဟန်းဘ၀က လာတဲ့ နတ်သားနဲ့တူရဲ့"

"အသင်နတ်သား၊ ရဟန်းမဟုတ်တော့ဘူးလေ၊ နတ်သားဖြစ်နေပြီ၊ ဒီနေရာဟာ နတ်စည်းစိမ်ခံစားရမယ့်နေရာ ဖြစ်နေပြီ၊ တရားအားထုတ်တဲ့နေရာ မဟုတ်တော့ဘူး"

"ဟာ– ဒီဒကာမတွေ ဘာလျှောက်ပြောမှန်းလဲ မသိပါဘူး"

သူကတော့ သူ့ဟာသူ ရဟန်းလို့ထင်နေတာ၊ ဒကာမတွေ ဘာလျှောက်ပြောနေမှန်း မသိဘူးလို့ စိတ်ထဲကပြောနေတာ၊ "အေးလေ၊ ငါ့တရားငါအားထုတ် ပြီးရောပေါ့လို့" ယူဆနေတာ။

အဲဒါနဲ့ ဘယ်လိုမှပြောမရပဲရှိတော့ နတ်သမီးတွေက နတ်တူရိယာအမျိုးမျိုးတွေ တီးမှုတ်၊ ဒါကိုလဲ လူမိန်းမတွေ တီးမှုတ်ကြတယ်လို့ နတ်သားက ထင်တာပဲ။

❀ ❀ ❀

## ရင်လောက်မှန်းမှ ခါးလောက်တင်တာ

အဲဒါနဲ့ နတ်သမီးတွေက ကိုယ်လုံးပေါ်မှန်ကြီး သူ့ရှေ့ယူ၊ "ကိုယ့်ဘဝကိုယ် ဘယ်လိုဆိုတာ ကြည့်စမ်း" ဆိုပြီး မှန်ထောင်ပြလိုက်ကာမှ–

"ဟယ်– ငါသေပါပြီကော၊ ငါ ရဟန်းဘဝက စုတေစိတ်ကျခဲ့လို့ ယခုဘဝနတ်ထံ ပျံလွန်ခဲ့ပြီး နတ်သားဖြစ်နေပြီ၊ နတ်သားဖြစ်ချင်လို့ ငါ တရားအားထုတ်တာမဟုတ်ဖူး၊ ရဟန္တာဖြစ်ချင်လို့ ငါ တရားအားထုတ်တာ၊ နတ်ဖြစ်ဖို့က လွယ်လွယ်လေးပဲ၊ သာသနာနဲ့ တစ်ခါတွေ့ဖို့ လွယ်တာမှ မဟုတ်ပဲ" ဆိုပြီးတော့ ချက်ချင်း အပ္ပမာဒ တရားရှေ့သွားပြု၊ ဘုရားထံလာ၊ ဘုရားထံက တရားနာ၊ ဘုရားက သစ္စာလေးပါး ဝိပဿနာ တရားတွေကိုပြပြီး တရားဟောလိုက်တာ ခန္ဓာမှာ ဉာဏ်စိုက်ပြီး တရားရှုမှတ်ရင်းနဲ့ တရားနာတာ သောတာပန် ဖြစ်သွားတယ်။

ဘုရားကလဲ ရဟန္တာဖြစ်နိုင်လောက်တဲ့ တရား ဟောတာပါပဲ၊ သို့သော် သူ့ရဲ့လက်ခံထားနိုင်တဲ့ အခြေအနေအရ သောတာပန်ဖြစ်ပါတယ်။

ဒါကြောင့် လောကမှာ ရင်လောက်မှန်းမှ ခါးလောက်တင်ဆိုတာလဲ ဒါမျိုးပါပဲ၊ ရဟန္တာဖြစ်အောင်ဟဲ့လို့ တင်းထားမှ သောတာပန်အဆင့်မှာ သွားတင်တယ်။

ဒါကြောင့် ကြိုးကြိုးစားစား အားထုတ်လိုက်တာ၊ ပညာအလင်းရောင်၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တဲ့ သောတာပတ္တိမဂ်ဖိုလ် ရသွားပြီပေါ့။

ဒါကြောင့် ယခု မုံရွာပဒ္ဓောတာရုံ ဆရာတော်ဘုရားကြီးရဲ့ မွေးနေ့မင်္ဂလာမှာ ကုသိုလ်ကောင်းမှုတွေလုပ်ကြတော့ ဉာဏ်ဦးဆောင်ပြီး ပြုလုပ်ကြတာ၊ တရားစွမ်းအားတွေ အများကြီးရကြပါပြီ၊ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်အထိ ဦးတည်ကြရမယ်ပေါ့။

❋ ❋ ❋

## ပရိယတ္တိစာသင်တိုက်သည့်၊ ပညာအလင်းရောင်ညှိထွန်းသည့်နေရာ

ယခုလို ပရိယတ္တိစာသင်တိုက်ကြီးတွေဆိုတာ သာသနာအတွက် အလွန်အားရစရာကောင်းတဲ့ အလင်းရောင်ညှိထွန်းနေတဲ့ နေရာမျိုးပါ။

ဒီလိုနေရာမျိုးမှာ ပစ္စည်းလေးပါး ထောက်ပံ့ရတယ်ဆိုတာလဲ ကိုယ့်ပစ္စည်းတွေ ကုန်ရကျိုးနပ်ပါတယ်၊ သာသနာအတွက် အင်မတန်မှ အကျိုးများပါတယ်။

ကိုယ့်အတွက် ကိုယ်ပိုင်တရားလဲရ၊ သာသနာ ကြာကြာလဲတည်၊ ဒါကြောင့် သာသနာကို ချီးမြှောက်ရင်း ကိုယ့်အတွက်လဲ ကိုယ်ပိုင်တရားတွေရအောင်ယူရင်း သာသနာအလင်းရောင် ကောင်းခိုက်လေးမှာ ကိုယ့်ခန္ဓာကလဲ သုံးလို့ဖြစ်ခိုက်လေးမှာ ကြိုးစားကြရမယ်ပေါ့။

ဒါကြောင့် ကတပုညတံ–ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတံ–

အသိဉာဏ်ကိုယ်ပိုင်တရားဖြင့် ပြုလုပ်အား ထုတ်အင်းသော ကောင်းမှုစွမ်းအားမြတ်တရားကို၊ ပဏ္ဍိတာ–ဘုရား အစရှိသော ပညာရှိသူတော် ကောင်းတို့သည်၊ ပသံသန္တိ –ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ပညာလမ်းပြ လူ့အလှ ခေါ်ဆို အပ်သော ပဋ္ဌာနတသုတ္တန်တရား နာကြားကြရတဲ့ ဓမ္မသဝနမင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရား တွေကြောင့် ဘေးရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍ သူတော်ကောင်းတရားတိုးပွားအောင် ကြိုးစားနိုင် လွယ်ကြပြီး ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန် ချမ်းသာကို လွယ်ကူသောအကျင့်၊ လျှင်မြန်သော အသိဉာဏ်ဖြင့်၊ အရဟတ္တဖိုလ်ပေါက် မျက်မှောက် ပြုလွယ်၊ ရလွယ်နိုင်ကြပါစေကုန်သတည်း။

❀ ❀ ❀

ပရိသတ်အားလုံး ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာကြပါစေ။

☆ သဒ္ဒါတရားတံခါးပွင့်၍

☆ ကုသိုလ်ဒါနများပြုလုပ်နိုင်

☆ သီလများကျင့်သုံးနိုင်

☆ သုတပွားများနိုင်

☆ ပညာရယူနိုင်သော ဘဝ၏
အပေါင်း လက္ခဏာများ
ရရှိစေနိုင်သည့်

# အပေါင်းလက္ခဏာ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေမှ
မကြာမီအတွင်းဖြန့်ချိပါမည်။

စာမူခွင့်ပြုချက်အမှတ်-၇၇/၂၀၀၀ (၂)

★ ဘုရားဂုဏ်တော်, တရားဂုဏ်တော်

★ သံဃာဂုဏ်တော်နှင့်ပတ်သက်သော

★ မေတ္တာတရား၊ ကုသိုလ်, အကုသိုလ်

★ ဒါန, သီလ, သမာဓိ, ပညာ, ဝိပဿနာ

★ ကံ, ကံ၏အကျိုးပေးနှင့်ပတ်သက်သော

(ယော)ဆရာတော်၏ ဩဝါဒများကို

လိုရင်း, တိုရှင်း

ပတ်ရှုမှတ်သား လိုက်နာနိုင်ကြစေရန်

# ဩဝါဒပဒေသာ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေမှ စီစဉ်နေပါပြီ။

စာမူခွင့်ပြုအမှတ် ၄၆၉/၂၀၀၀ (၇)

# ရွှေစန္ဒာထွန်းစာပေတိုက်တွင်
# ရရှိနိုင်သောစာအုပ်များ

(၁) မေတ္တာနှလုံးအလှဆုံး
(၂) အဆင်းအတက်လမ်းနှစ်ဖက်
(၃) အသိမှန်ကန်အဖိုးတန်
(၄) ကုသိုလ်လည်းရ ဝမ်းလည်းဝ
(၅) ဆင်းရဲ၏နောက်ချမ်းသာရောက်
(၆) စိတ်အေးစရာသာသနာ
(၇) အိမ်တွင်းမင်္ဂလာလူ့ကျင့်စဉ်
(၈) သမုဒ္ဒရာဝမ်းတစ်ထွာ
(၉) မေတ္တာတရားလူ့စွမ်းအား
(၁၀) စိတ်စွမ်းရည်
(၁၁) ဘဝဇာတ်ခုံပုံစံစုံ
(၁၂) ပညာလမ်းပြလူ့အလှ

ရွှေစန္ဒာထွန်းစာပေတိုက်မှ
ဆက်လက်ထုတ်ဝေမည့်
(ယောဆရာတော်)၏မဟာဓမ္မဒေသနာတော်များ

(၁) အပေါင်းလက္ခဏာ
(၂) ဩဝါဒပဒေသာ
(၃) ကိုယ့်ဝန်ကိုယ်ထမ်းလူ့အစွမ်း
(၄) အသီးတစ်ရာ အညှာတစ်ခု
(၅) တရားပြည့်ဝ အရိပ်ရ
(၆) အဆိုးကိုရှောင် အကျိုးဆောင်
(၇) ဘဝတစ်ခေါက် ခဏရောက်
(၈) ယဉ်ကျေးလိမ္မာ လူ့ချမ်းသာ
(၉) တရားတန်ခိုး စွမ်းအားတိုး
(၁၀) ထိုက်တန်သူမှ ကောင်းတာရ


မှာကြားနိုင်ပါသည်

**ရွှေစန္ဒာထွန်းစာပေ**

အမှတ် ၉၆ (မြေညီ) ၃၈လမ်း၊ ရန်ကုန်မြို့။

☏ ၀၁-၂၄၃၈၇၀

အကျင့်သိက္ခာကြီးတဲ့ပုဂ္ဂိုလ်ကျတော့

ကြီးလေလှလေ

အသက်ကြီးလေ ပိုခန့်ညားလာတယ်

ပိုချစ်စရာကောင်းလာတယ်

အကျင့်သိက္ခာမပါပဲနဲ့

တရားမပါပဲနဲ့

အသက်ကြီးရုံသာကြီးတဲ့

ပုဂ္ဂိုလ်ကျတော့

ဘယ်သူမှ  တန်ဖိုးမထားဘူး

(ယော)ဆရာတော်

စာကြည့်တိုက်

ဆေးပညာမျက်လုံးနဲ့ကြည့်ရင်
သစ်ပင်အားလုံး ဆေးဖက် ဝင်တယ်
ဆိုသလိုပဲ
တရားမျက်လုံးကောင်းရင်
ပညာအလင်းရောင်ကောင်းရင်
အလုပ်အားလုံးသည်
နိဗ္ဗာန်ရောက်ကြောင်းချည်းပဲ

(ယော) ဆရာတော်



# ပညာလမ်းပြ လူ့အလှ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်